မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၃ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၂ ရက်၊ ၂၀၁၁ ခုနှစ်၊ ဩဂုတ် ၁၆ ရက်၊ အင်္ဂါနေ့၊ အတွဲ (၅၀)၊ အမှတ် (၁၁၄)

ဒို့တာဝန်အရေး(၃)ပါး

- ❖ ပြည်ထောင်စု မပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

ပြည်ပပို့ကုန်အမျိုးအစား (၇)မျိုး ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်ပြု

နေပြည်တော် ဩဂုတ် ၁၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့က အမိန့်ကြော်ငြာစာ အမှတ်(၃၂/၂၀၁၁)ကို ၂၀၁၁ ခုနှစ် ဩဂုတ် ၁၁ ရက် ရက်စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။ အဆိုပါ အမိန့်ကြော်ငြာစာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည် -

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုအစိုးရအဖွဲ့
အမိန့်ကြော်ငြာစာ
အမှတ်၊ ၃၂/၂၀၁၁
နေပြည်တော်၊ ၁၃၇၃ ခုနှစ်၊ ဝါခေါင်လဆန်း ၁၂ ရက်
(၂၀၁၁ ခုနှစ်၊ ဩဂုတ်လ ၁၁ ရက်)

၁။ ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်၏ ပြည်ပပို့ကုန်တိုးမြှင့်ရေးကို အားပေးသည့်အနေဖြင့် အောက်ဖော်ပြပါ ပြည်ပပို့ကုန်အမျိုးအစားများ၏ ပြည်ပပို့ကုန် ရောင်းရငွေအပေါ် စည်းကြပ်ကောက်ခံသည့် ကုန်သွယ်လုပ်ငန်းခွန်ကို ကုန်သွယ်လုပ်ငန်းခွန် ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ(ဃ) အရ ကင်းလွတ်ခွင့်ပြုလိုက်သည် -

(က) ဆန်
(ခ) ပဲမျိုးစုံ
(ဂ) ပြောင်း
(ဃ) နှမ်း
(င) ရော်ဘာ
(စ) ရေချို၊ ရေငန်ထွက် ရေထွက်ပစ္စည်းများ
(ဆ) တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းများ (ကန့်သတ်ကုန်ပစ္စည်းများမှအပ)

၂။ ဤအမိန့်ကြော်ငြာစာသည် ၂၀၁၁ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်နေ့မှ ၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်နေ့အထိ (၆)လ အကျိုးသက်ရောက်စေရမည်။

အမိန့်အရ
(တင်မျိုးကြည်)
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ယဉ်ကျေးမှုဓလေ့ထုံးစံများနှင့်အညီ နိုင်ငံတကာစံများနှင့် မသွေဖည်စေဘဲ ကျင့်သုံးဆောင်ရွက်

မြန်မာနိုင်ငံလူ့အခွင့်အရေးအဖွဲ့ ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို မြန်မာနိုင်ငံလူ့အခွင့်အရေးတိုးမြှင့်ရေးနှင့် ကာကွယ်ရေးဆိုင်ရာ သင်တန်း (၂၀၁၁) ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် ဩဂုတ် ၁၅

မြန်မာနိုင်ငံလူ့အခွင့်အရေးတိုးမြှင့်ရေးနှင့် ကာကွယ်ရေးဆိုင်ရာသင်တန်း (၂၀၁၁) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထဲရေးဝန်ကြီးဌာန စုဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံလူ့အခွင့်အရေးအဖွဲ့ ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကိုကို တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

အဆိုပါ သင်တန်းဖွင့်ပွဲအခမ်းအနားသို့ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်၊ ဝန်ကြီးဌာနအောက်ရှိ တပ်ဖွဲ့နှင့် ဦးစီးဌာနများမှ ဌာနဆိုင်ရာအကြီးအကဲများ၊ ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဘာသာရပ်အလိုက် နည်းပြအဖြစ် *စာမျက်နှာ ၈ ကော်လံ ၅* ✻

(၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေး ဦးစီးကော်မတီ ဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း ၂၀၁၁ ခုနှစ် (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးလုပ်ငန်းကော်မတီ ညှိနှိုင်းအစည်းအဝေးတွင် ဆွေးနွေးမှာကြားစဉ်။ (သတင်းစဉ်)

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းမြှင့်တင်သည့် ပြိုင်ပွဲဖြစ်

နေပြည်တော် ဩဂုတ် ၁၅

၂၀၁၁ ခုနှစ် (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးလုပ်ငန်းကော်မတီ ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ယဉ်ကျေးမှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း တက်ရောက်၍ ဆွေးနွေးမှာကြားသည်။

တက်ရောက်

အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု *စာမျက်နှာ ၆ ကော်လံ ၁* ◆

အယ်ဒီတာ့ အာဘော်
(၂၀၁၁ ခုနှစ် ဩဂုတ် ၁၆ ရက်)

ရောဂါအန္တရာယ်ကင်းရေး သန့်ရှင်းလတ်ဆတ်သော အသီးအရွက်များစားသုံး

ကျန်းမာသန်စွမ်းပြီးရောဂါကင်းရေးအတွက် နေ့စဉ်စားသုံးသောအစားအစာများ သန့်ရှင်းလတ်ဆတ်ရန် အရေးကြီးပေသည်။ ရောဂါကာကွယ်နိုင်သည့် ဗီတာမင်သက်စောင့်ဓာတ်များ၊ သတ္တုဓာတ်များပါဝင်သော ဟင်းသီးဟင်းရွက်နှင့် သစ်သီးများကို စားသုံးကြရမည်ဖြစ်သည်။

ဟင်းသီးဟင်းရွက်များနှင့် အသီးအနှံများကို စားသုံးရာတွင် သဘာဝအတိုင်းမဟုတ်ဘဲ ပြုပြင်ထားသော ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများ၊ ပိုးသတ်ဆေး၊ ဓာတ်မြေဩဇာ စသည့် ဓာတုပစ္စည်းများ ပါဝင်သည့် အသီးအရွက်များကို စားသုံးမိပါက ဝမ်းပျက်ဝမ်းလျှောခြင်း၊ မိုက်နာခြင်း၊ အော့အန်ခြင်း၊ ခေါင်းကိုက်မူးဝေခြင်း၊ ဦးနှောက်နှင့်အာရုံကြော ထိခိုက်ခြင်း စသည့် ကျန်းမာရေးပြဿနာများ ဖြစ်ပွားနိုင်သည်။

ဟင်းသီးဟင်းရွက်စိုက်ခင်းများတွင် အသုံးပြုသည့် ပိုးသတ်ဆေးများနှင့် ဓာတုပစ္စည်းများ အစားအသောက်ထဲတွင် မပါဝင်ရန် သန့်ရှင်းစင်ကြယ်စွာ ဆေးကြောပြီးမှ စားသုံးကြရမည်ဖြစ်သည်။ ဟင်းသီးဟင်းရွက်နှင့် အသီးအနှံများကို စားသုံးရာတွင် ကျန်းမာရေးနှင့်ညီညွတ်ပြီး ဘေးအန္တရာယ်ကင်းစေရန်အတွက် သဘာဝအတိုင်း စိုက်ပျိုးရောင်းချသော ဟင်းသီးဟင်းရွက်နှင့် သစ်သီးများကို စားသုံးသင့်သည်။

ယခုအခါ ဟင်းသီးဟင်းရွက်များကို စီးပွားဖြစ် စိုက်ပျိုးလာကြသည်ဖြစ်ရာ သီးနှံဖြစ်ထွန်းရေးအတွက် ဓာတ်မြေဩဇာများ၊ ပိုးသတ်ဆေးများကို အသုံးပြုရာတွင် ညွှန်ကြားချက်အတိုင်း တိကျစွာလိုက်နာ ဆောင်ရွက်ကြမှသာလျှင် စားသုံးသူများအတွက် အန္တရာယ်ကင်းရှင်းမည်ဖြစ်သည်။

ဟင်းသီးဟင်းရွက်များ စိုက်ပျိုးခြင်းသည် မိသားစုအတွက် ငွေကုန်သက်သာပြီး ကျန်းမာရေးနှင့် ညီညွတ်သော အစားအစာကို စားသုံးနိုင်မည်ဖြစ်သည်။ "အစာလည်းဆေး ဆေးလည်းအစာ"ဟူသော စကားအရ အစားအစာများကို အာဟာရမျှတစွာ နေ့စဉ်ပုံမှန်စားသုံးကြပါက ထက်မြက်သည့် ဆေးတစ်မျိုး အဖြစ် ကျန်းမာရေးအတွက် များစွာအထောက်အကူပြုမည်ဖြစ်သည်။

လူတိုင်းသည် မိမိတို့၏ အိမ်ခြံမြေများ၌ တစ်ပိုင်တစ်နိုင်စိုက်ပျိုးပြီး စားသုံးပါက မိသားစုအတွက် ငွေကုန်သက်သာပြီး ဝင်ငွေလည်းရ ဝမ်းလည်းဝကာ ကျန်းမာကြံ့ခိုင်မှုနှင့် ပြည့်စုံမည် ဖြစ်သည်။ အာရောဂျံ ပရမံ လာဘံ ဆိုစကားအရ ကျန်းမာခြင်းသည်လာဘ်ကြီးတစ်ပါးဖြစ်ရာ ကျန်းမာပါမှ စိတ်ချမ်းသာခြင်းကို ရရှိမည်ဖြစ်၍ ရောဂါကင်းရှင်းရေးအတွက် သန့်ရှင်းလတ်ဆတ်သော အသီးအရွက်များကို စိုက်ပျိုးစားသုံးသင့်ကြပါကြောင်း အကြံပြုရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

OMyanmar Online Shopping Mall ဖွင့်ပွဲအခမ်းအနား
ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် တက်ရောက်အားပေး

ရန်ကုန် ဩဂုတ် ၁၅

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေသည် ဩဂုတ် ၁၄ ရက် မွန်းလွဲ ၁ နာရီခွဲက လှိုင်မြို့နယ် Myanmar Info Tech ၌ ကျင်းပသည့် i Biz ကုမ္ပဏီ၏ OMyanmar Online Shopping Mall ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်များအသင်းဥက္ကဋ္ဌ ဦးရဲရင့်ဝင်းက အဖွင့်အမှာစကားပြောကြားပြီး မြန်မာကွန်ပျူတာကုမ္ပဏီလီမိတက်မှ ဒါရိုက်တာ ဦးစန်းလွင်က Online Shopping Mall နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က OMyanmar Online Shopping Mall ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက် ပုဂ္ဂလိကလုပ်ငန်းများမှ တာဝန်ရှိသူများက လုပ်ငန်းဆိုင်ရာများ ရှင်းလင်းတင်ပြကြပြီး i Biz Service Provider မှ Founder ဦးဝင်းထွန်းက OMyanmar Online Shopping Mall ဖွင့်လှစ်ရခြင်းရည်ရွယ်ချက်နှင့် မြန်မာနိုင်ငံ၏ တိုးတက်ပြောင်းလဲလာသော E-Commerce နှင့် ရှေ့အလားအလာများကို ရှင်းလင်းတင်ပြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လက်ခံယူ

တာမွေမြို့နယ် အရှေ့မြင်းပြိုင်ကွင်းလမ်း အမှတ်(၂၀၈)နေ ဒေါ်ခင်မြင့်နှင့် မိသားစုက ဦးအို့စီရာမန်းအား ရည်စူး၍ ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ် အမှတ် (၂) အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန်ကင်ဆာဖောင်ဒေးရှင်း အတွင်းလူနာ (ကင်ဆာ)ဗဟိုသို့ အလှူငွေကျပ်နှစ်သိန်းလှူဒါန်းရာ သူနာပြုအုပ် ဒေါ်မြင့်မေနှင့် စောင့်ရှောက်ရေးသူနာပြု ဒေါ်မာမာအေးတို့ လက်ခံယူစဉ်။ (ကင်ဆာဖောင်ဒေးရှင်း)

အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှု
သံဖြူဇရပ်မြို့နယ်၌ ကျင်းပ

သံဖြူဇရပ် ဩဂုတ် ၁၅

သံဖြူဇရပ်မြို့နယ် ကျန်းမာရေးကော်မတီမှကြီးမှူးကျင်းပသည့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှုဖွင့်ပွဲကို ဩဂုတ် ၁၀ရက် နံနက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ရှေးဦးစွာ မြို့နယ်ကျန်းမာရေးကော်မတီ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲကျော်ခိုင်က အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသူရက အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

အဆိုပါအခမ်းအနားတွင် မြို့နယ်ကျန်းမာရေးဝန်ထမ်းများက ကလေးငယ်များကို ဗီတာမင်-အေ ဆေးလုံးများ တိုက်ကျွေးပြီး မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်ထားတင်နှင့်အမှုဆောင်များက ကိုယ်ဝန်ဆောင်မိခင်များအား အာဟာရအစားအစာများနှင့် ဆေးဝါးများကို ပေးဝေသည်။ **(အပေါ်ပုံ)** သံဖြူဇရပ်မြို့နယ် အာဟာရဖွံ့ဖြိုးရေးလှုပ်ရှားမှု လုပ်ငန်းများကို ရက်သတ္တလေးပတ်ကြာ ကဏ္ဍအလိုက် ဆောင်ရွက်သွားမည်ဟု သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

အိမ်တွင်းမှုသက်မွေးသင်တန်းဆင်းပွဲများ
ပခုက္ကူမြို့နယ်၌ ကျင်းပ

ပခုက္ကူ ဩဂုတ် ၁၅

နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း (ပခုက္ကူ)၏ အဆင့်မြင့်စက်ချုပ်သင်တန်း အမှတ်စဉ် (၁၄)နှင့် အခြေခံအိမ်တွင်းမှုသင်တန်း အမှတ်စဉ် (၁၇) သင်တန်းဆင်းပွဲကို ဩဂုတ် ၁၂ရက် နံနက် ၉နာရီက အဆိုပါသင်တန်းကျောင်းခန်းမ၌ ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ရီက အမှာစကားပြောကြားပြီး သင်တန်းကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးသောင်းက သင်တန်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ပေးအပ်ချီးမြှင့်

သင်တန်းဆင်းပွဲတွင် အဆင့်မြင့်စက်ချုပ်သင်တန်း ထူးချွန်ဆုရ မဥမ္မာခင် (ဆောမြို့နယ်)အား ခရိုင်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ရီ **(အပေါ်ပုံ)**ကလည်းကောင်း၊ အခြေခံစက်ချုပ်သင်တန်း ထူးချွန်ဆုရ မငွေငွေလှိုင် (ဆောမြို့နယ်)အား ခရိုင်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာဒေါ်ရီရီမေကလည်းကောင်း အပ်ချုပ်စက်အသစ်တစ်လုံးစီ ပေးအပ်ချီးမြှင့်ပြီး မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ဇင်မာဝင်းက သင်တန်းဆင်း အောင်လက်မှတ်များကို ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

ကွင်းဆင်းစစ်ဆေး

ဖျာပုံမြို့ ဖျာပုံ-တမံကျေးရွာ လူကူးတံတား ဆောက်လုပ်ခြင်းလုပ်ငန်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ လက်ထောက်အင်ဂျင်နီယာ ဒေါ်သန်းသန်းမြနှင့်အဖွဲ့ ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၂ ရက်က အမှုဆောင်အရာရှိ ဦးမြင့်မောင် ကွင်းဆင်းစစ်ဆေးစဉ်။ (ဝ၆၆)

ပုသိမ်တက္ကသိုလ်
အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဩဂုတ် ၁၅

ပုသိမ်ကောလိပ်/ ပုသိမ်ဒီဂရီကောလိပ်/ ပုသိမ်တက္ကသိုလ် သတ္တဗေဒ ကျောင်းသား ကျောင်းသူဟောင်းများ၏ အသက်(၆၀)ပြည့် ဆရာ ဆရာမကြီးများအား ပူဇော်ကန်တော့ပွဲနှင့် မိတ်ဆုံစားပွဲကို အောက်တိုဘာ ၁၅ရက်နှင့် ၁၆ရက်များတွင် ပုသိမ်တက္ကသိုလ်မှော်ရုံ၌ကျင်းပမည်ဖြစ်ရာ ကျောင်းသား ကျောင်းသူဟောင်းများအနေဖြင့် ဆရာမဒေါ်နန့်ခင်အေးဦး ဖုန်း-၀၁-၂၂၄၉၈၉၊၀၉-၄၉၂၃၇၉၈၆၊ ကိုဖေသွင်လှ ဖုန်း -၀၉-၈၅၆၈၃၉၆၊ ကိုခင်မောင်ညွန့် ဖုန်း-၀၉-၈၅၇၂၀၂၅၊ ကိုသန်းထွန်း ဖုန်း-၀၉-၄၉၇၂၁၇၃၇၊ ဒေါက်တာ အောင်သန်း ဖုန်း-၀၉-၅၁၇၈၃၆၅၊ ဒေါက်တာသီတာအေး ဖုန်း-၀၄၂-၂၃၀၅၃၊ မခင်ချိုပြုံး ဖုန်း-၀၉-၅၀၁၇၂၇၉၊ မငြိမ်းအေး ဖုန်း-၀၉-၅၁၄၇၀၁၆၊ ကိုစိုးသိန်း ဖုန်း-၀၉-၈၅၇၂၈၉၇၊ ကိုနေလင်းအောင် ဖုန်း-၀၉-၅၂၀၁၀၇၇၊ ဒေါက်တာခင်ထွေးရီ ဖုန်း-၀၉-၅၂၀၀၁၈၁၊ မနီလာ ဖုန်း-၀၉-၈၅၅၀၂၇၆၊ ကိုမျိုးသန့် ဖုန်း-၀၉-၄၉၇၂၁၈၁၁၊ စောစတီဗင် ဖုန်း-၀၉-၈၅၅၁၇၃၈၊ မခင်မာချို(ရန်ကုန်) ဖုန်း-၀၉-၄၃၀၂၄၈၈၃နှင့် မသန်းသန်းနွယ် ဖုန်း-၀၉-၅၀၇၇၉၄၇ တို့ထံသို့ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။ *(မြန်မာ့အလင်း)*

ရန်ကုန်မြို့တော်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနှင့် ပဲခူးတိုင်းဒေသကြီးအတွင်း ရေကြီးမှုအန္တရာယ်ကို ကိုဒူကွဲ၊ စလူနှင့် ရွှေလောင်းရေလှောင်တမံများက ထိရောက်စွာ ကာကွယ်တားဆီးနိုင်

ပဲခူးတိုင်းဒေသကြီး၏ မိုးစပါးစိုက်ဧက သိန်း ၃၀ နှင့် ရန်ကုန်တိုင်းဒေသကြီး၏စိုက်ဧက ၁၂ သိန်း ရေဘေးအန္တရာယ်မှကာကွယ်တားဆီးနိုင်ရေးနှင့် နွေစပါးသီးနှံများအောင်မြင်ဖြစ်ထွန်းရေး ဆောင်ရွက်

နေပြည်တော် ဩဂုတ် ၁၅

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် ဩဂုတ် ၁၄ ရက် နံနက် ၈ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် စစ်ပင်တောင်းကျေးရွာအနီးရှိ ငမိုးရိပ်ရေထိန်းတံခါးတည်ဆောက်ရေးစီမံကိန်းသို့ ရောက်ရှိလာရာ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၆)မှ ညွှန်ကြားရေးမှူး ဦးဘုန်းတင်က နှစ်စဉ်နွေစပါးဧက ၁၀၀၀၀ စိုက်ပျိုးရန် ငမိုးရိပ်ရေလှောင်တမံမှ ပိုလျှံရေများ၊ ချောင်းလက်တက်မှစီးဆင်းလာသော ရေများကို ရေထိန်းတံခါးတည်ဆောက်၍ သိုလှောင်ထားရှိပြီး ရေစုပ်စက်များဖြင့် ရေသွင်း၍ စပါးစိုက်ပျိုးထုတ်လုပ်ရန်၊ နွေရာသီတွင် ရေထိန်းတံခါးကို ပိတ်ထားခြင်းဖြင့် စိုက်ပျိုးမြေများ ရေငန်နှင့်နုန်းများဝင်ရောက်ခြင်းမှတားဆီးရန်၊ မိုးရာသီတွင် ဒီရေတက်ချိန်၌ဝင်လာမည့် ဒီရေကို တားဆီးပြီး ဒီရေကျချိန်တွင် ကွင်းရေကို လျင်မြန်စွာ ထုတ်နုတ်ရန်စသော ရေထိန်းတံခါးတည်ဆောက်ရခြင်းရည်ရွယ်ချက်များနှင့် တည်ဆောက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဖြည့်စွက်တင်ပြ

ဆက်လက်၍ ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်မြင့်လှိုင်က ရန်ကုန်မြို့တော်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနှင့်တစ်ဆက်တည်း ပဲခူးတိုင်းဒေသကြီးအတွင်း ရေကြီးမှုအန္တရာယ်မှ ထိရောက်စွာ ကာကွယ်တားဆီးနိုင်ရန် ကိုဒူကွဲရေလှောင်တမံ၊ စလူရေလှောင်တမံ၊ ရွှေလောင်းရေလှောင်တမံများတည်ဆောက်ရေးလုပ်ငန်းများနှင့် အဗျား-ရှမ်းကိုင်း၊ မင်းရွာ-ကုက္ကို၊ မင်းရွာ-ပိုင်ကျုံ၊ မင်းရွာ-ခရမ်း ရေနုတ်မြောင်းများကို ဆောင်ရွက်ပေးနိုင်ခြင်းအားဖြင့် ထိရောက်စွာ ရေဘေးကာကွယ်တားဆီးပေးနိုင်မည်ဖြစ်ကြောင်း ဖြည့်စွက်ဆွေးနွေးတင်ပြသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး မြန်မာ့စိုက်ပျိုးရေးမန်နေဂျာ ဦးတင်အောင်ဝင်းက မိုးစပါးလျာထားဧက ၁၂ သိန်းကျော်အနက် ၉၅ ရာခိုင်နှုန်းစိုက်ပျိုးဆောင်ရွက်ပြီးစီးမှု အခြေအနေနှင့် ဧက ၂၂၀၀ ကျော်ကို သိပ္ပံနည်းကျစနစ်များဖြင့် စိုက်ပျိုးဆောင်ရွက်နိုင်မှုတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ရန်ကုန်နှင့် ပဲခူးတိုင်းဒေသကြီးတို့သည် နိုင်ငံတော်၏အရေးကြီးသော တိုင်းဒေသကြီးများဖြစ်သည့်အပြင် လူဦးရေထူထပ်စွာ နေထိုင်ကြပြီး လယ်ယာကဏ္ဍအပါအဝင် စီးပွားရေးအရ အလွန်အရေးပါသော တိုင်းမြို့ကြီးများဖြစ်ကြောင်း၊ ဒေသနေပြည်သူလူထု၏ရေဘေးအန္တရာယ် တားဆီးကာကွယ်ရေး ထိထိရောက်ရောက်ဆောင်ရွက်ပေးရန်လိုအပ်သည့်အပြင် ပဲခူးတိုင်းဒေသကြီး၏ မိုးစပါးစိုက်ဧက သိန်း ၃၀၊ ရန်ကုန်တိုင်းဒေသကြီး၏ မိုးစပါးစိုက်ဧက ၁၂ သိန်းတို့ကိုလည်း ရေဘေးအန္တရာယ်မှ ထိရောက်စွာ ကာကွယ်တားဆီးနိုင်ရေးလုပ်ငန်းနှင့် နွေစပါးသီးနှံများ ဖြစ်ထွန်းအောင်မြင်ရေးသည်အလွန်အရေးပါသော လုပ်ငန်းများဖြစ်ကြောင်း။

အထူးဦးစားပေး

အထူးဦးစားပေး တည်ဆောက်ရန် လိုအပ်လျက်ရှိသော ဆည်ငယ်နှင့် ရေထိန်းတံခါးများ သဲနုန်းထုတ်မြောင်းစနစ်များကို ပွင့်လင်းရာသီအချိန်မီ စက်ယန္တရားနှင့် ပညာရှင်အင်အားအပြည့်အဝဖြင့် ဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း၊ အထူးဦးစားပေးရန် လုပ်ငန်းတစ်ရပ်အနေဖြင့် အသေးစိတ်အချက်အလက်များပြည့်စုံစွာ ပြုစုပြီး ရန်ပုံငွေလိုအပ်ချက်များကို နိုင်ငံတော်သို့ တင်ပြ၍ အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ငမိုးရိပ်ရေထိန်းတံခါး တည်ဆောက်ရေးလုပ်ငန်းခွင်အတွင်း ကြည့်ရှုစစ်ဆေးပြီး စက်မှုလယ်ယာစနစ် အထူးဇုန်စိုက်ကွင်း ဇုန်(၁)အတွင်းရှိ လယ်လုပ်ငန်းရှင် ဦးစိုးဝင်း၏ ဖြစ်ထွန်းအောင်မြင်ပြီး အောင်နှံများ ထွက်ရှိနေသော စပါးဧက ၅၀၀ စိုက်ကွင်းသို့ သွားရောက်ကြည့်ရှုအားပေးကာ ရင့်မှည့်ချိန်နှင့်ရိတ်သိမ်းချိန်အထိ အောင်မြင်ဖြစ်ထွန်းစွာ ဆောင်ရွက်ရန် လိုအပ်ချက်များကို မှာကြားသည်။

ရှင်းလင်းပြသ

ထိုမှတစ်ဆင့် အထူးဇုန်(၁)ရှိ ဒဂုံအင်တာနေရှင်နယ်ကုမ္ပဏီ၏ တစ်ဆက်တစ်စပ်တည်း မိုးစပါးစိုက်ဧက ၅၀၀ ရှင်းလင်းဆောင်သို့ရောက်ရှိရာ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းအောင်က စက်မှုလယ်ယာစနစ် စိုက်ခင်းများ ဖြစ်ထွန်းအောင်မြင်မှုနှင့် သက်တမ်းတို ရက် ၈၀ ရှိ စပါးမျိုးသစ် စမ်းသပ်စိုက်ပျိုးထားရှိမှုကို ရှင်းလင်းတင်ပြပြီး ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာန ဝန်ကြီး ဦးစိုးမင်းက ဧက ၁၀၀၀၀ စိုက်ပျိုးရေးအထူးဇုန်(၁)နှင့်(၂)အတွင်း ရာနှုန်းပြည့် မိုးစပါးစိုက်ပျိုးပြီးစီးမှုနှင့် မိုးစပါးသီးနှံရေဝပ်လယ်မြေများ၌ ရေနုတ်မြောင်းစနစ်တည်ဆောက်ပေးရန် လိုအပ်ချက်များကို ဖြည့်စွက်တင်ပြရာ ပြည်ထောင်စုဝန်ကြီးက စံပြဇုန်ကြီးဖြစ်ထွန်းအောင်မြင်ရေးအတွက် လိုအပ်ချက်များကို ထိရောက်လျင်မြန်စွာ အကောင်အထည်ဖော်ရန် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပြီး လုပ်ငန်းရှင်များ၏ စံပြစိုက်ခင်းများ၌ (DRYER) မျိုးစေ့သိုလှောင်ရုံ (CYLO)များ တည်ဆောက်အသုံးပြုကြရန် တိုက်တွန်းမှာကြားခဲ့သည်။

ထိုမှတစ်ဆင့် အထူးဇုန်ဧက ၁၀၀၀၀ ဇုန်နယ်မြေ(၂)ရှိ Green Asia ကုမ္ပဏီ၏ အောင်နှံများ စုံလင်စွာ ထွက်ရှိနေသည့် ဖြစ်ထွန်းအောင်မြင်နေသော တစ်ဆက်တစ်စပ်တည်း ဧက ၅၀၀ စိုက်ခင်းသို့ ရောက်ရှိရာ စိုက်ခင်းတာဝန်ခံ ဦးလှမြင့်က အထူးအထွက်တိုး မိုးစပါးဧက ၅၀၀ စိုက်ပျိုးမှုကို ရှင်းလင်းပြသသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက စိုက်ခင်းကိုကြည့်ရှုအားပေးပြီး နိုင်ငံတော်၏ စံနမူနာပြ စက်မှုလယ်ယာစိုက်ခင်းကြီးအဖြစ် လုပ်ငန်းရှင်များက ဦးဆောင်အကောင်အထည်ဖော်နေမှုကို ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ တစ်ဧက စိုက်ပျိုးစရိတ်ကုန်ကျငွေနှင့် ရိတ်သိမ်းရောင်းချပြီးချိန်အထိ ရရှိသည့်ဝင်ငွေတို့ကို နှိုင်းယှဉ်တွက်ချက်ကာ တွက်ခြေကိုက်မှုကို သုံးသပ်ဆောင်ရွက်ကြရန်နှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းသာမက နိုင်ငံတစ်ဝန်းလုံး စက်မှုလယ်ယာစနစ်သို့ အရှိန်အဟုန်မြှင့်တင် ကူးပြောင်းနိုင်ကြခြင်းအားဖြင့် နိုင်ငံတော်၏ လယ်ယာကဏ္ဍနှင့် ဆန်စပါးသီးနှံကို ပြည်ပဈေးကွက်၌ ခိုင်မာစွာ ပြန်လည်နေရာရရှိရေးအတွက် ကြိုးစားလုပ်ဆောင်ကြရန် တိုက်တွန်းပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် စစ်ပင်တောင်းကျေးရွာအနီးရှိ ငမိုးရိပ်ရေထိန်းတံခါးတည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

အဆင့်နိမ့်ကျောက်စိမ်းအသားကျောက် ရောင်းချပွဲ

ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက် ကြည့်ရှုအားပေး

နေပြည်တော် ဩဂုတ် ၁၅

မြန်မာ့ကျောက်မျက်ရတနာပြပွဲ၊ ပြပွဲဗဟိုကော်မတီက ကြီးမှူးကျင်းပသည့် ၂၀၁၁ခုနှစ် အဆင့်နိမ့်ကျောက်စိမ်းအသားကျောက်ရောင်းချပွဲကို ယနေ့နံနက် ၈ နာရီတွင် နေပြည်တော်ရှိ မြန်မာ့ကျောက်မျက်ရတနာပြတိုက်အနီးရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ဆက်လက်ကျင်းပရာ မြန်မာ့ကျောက်မျက်ရတနာပြပွဲ၊ ပြပွဲကျင်းပရေးဗဟိုကော်မတီနာယက သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက် တက်ရောက်၍ ပြည်တွင်းရတနာကုမ္ပဏီများမှ ရတနာကုန်သည်များ အိတ်ဖွင့်တင်ဒါစနစ်ဖြင့် အဆင့်နိမ့်အသားကျောက်အတွဲများဝယ်ယူနေမှုကို ကြည့်ရှုအားပေးသည်။ **(အပေါ်ပုံ)**

ကြီးကြပ်ဆောင်ရွက်

ပြည်တွင်းရတနာကုမ္ပဏီများမှ ရတနာကုန်သည်များသည် နံနက်ပိုင်းမှစတင်၍ မဏိရတနာကျောက်စိမ်းခန်းမအနီး ခင်းကျင်းပြသထားသည့် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချမည့် အဆင့်နိမ့်ကျောက်စိမ်းအသားကျောက်အတွဲများကို ကြည့်ရှုလေ့လာကြပြီး ဈေးနှုန်းအဆိုပြုလွှာများကို တင်ဒါပုံးများအတွင်းသို့ ထည့်သွင်းကြရာ ပြပွဲဗဟိုကော်မတီအတွင်းရေးမှူး မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဆွေနှင့်တာဝန်ရှိသူများက လိုက်လံကြီးကြပ် ဆောင်ရွက်ပေးကြသည်။

ယနေ့နံနက်ပိုင်းတွင် အသားကျောက်အတွဲများဝယ်ယူရန် ရတနာကုန်သည်များ၏ ဈေးနှုန်းအဆိုပြုလွှာများထည့်သွင်းထားသည့် တင်ဒါပုံးများကို ဖွင့်ဖောက်စစ်ဆေးရောင်းချရာ အသားကျောက်အတွဲပေါင်း (၆၄)တွဲ ရောင်းချရသည်။

ဆက်လက်ကျင်းပမည်

ယခု ကျင်းပလျက်ရှိသည့် အဆင့်နိမ့်ကျောက်စိမ်းအသားကျောက်ရောင်းချပွဲကို မဏိရတနာကျောက်စိမ်းခန်းမ၌ ဩဂုတ် ၁၆ ရက်အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ကောလင်း အမျိုးသမီးရေးရာအဖွဲ့ ငွေပဒေသာပင် စိုက်ထူ

ကောလင်း ဩဂုတ် ၁၅

ကောလင်းမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်အေးအေးမိုးနှင့်အဖွဲ့ ဩဂုတ် ၃ ရက်က ကောလင်းမြို့ စံတော်သာဘိုးဘွားရိပ်သာရှိ အဘိုးအဘွားများအား တစ်ရက်တာ ကျွေးမွေးလှူဒါန်းပြီး ရာသက်ပန် ငွေပဒေသာပင် ငွေကျပ် ၈၁၀၀၀ ကို ဘိုးဘွားရိပ်သာအုပ်ချုပ်ရေးမှူး ဦးရဲမြင့်ထံ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရှိရသည်။ (ဝ၉၂)

စစ်တောင်းမြစ်ရေ အခြေအနေ

နေပြည်တော် ဩဂုတ် ၁၅

စစ်တောင်းမြစ်ရေသည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ တောင်ငူမြို့၌ ၆၃၈ စင်တီမီတာသို့ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၃၈ စင်တီမီတာ(၁ဒသမ၂ပေခန့်) ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၆၀၀ စင်တီမီတာအောက်သို့ ကျဆင်းနိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

သစ်တော သစ်ပင် ဒို့ချစ်ခင် နှစ်စဉ်စိုက်ပျိုး အလှတိုး

ဩဂုတ် ၂ ရက်က ရခိုင်ပြည်နယ် မောင်တောမြို့ မောင်တော-ကညင်ချောင်းကျေးလက်လမ်း လမ်းဘေးဝဲယာ၌ စိန်ပန်းပင်၊ မဲဇလီပင်၊ မဟော်ဂနီပင် စသော အရိပ်ရပင် ၅၀၀ကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်သက်ရှည် ဦးဆောင်၍ ဒေသခံပြည်သူများ စုပေါင်းစိုက်ပျိုးကြစဉ်။

(မြန်မာ့အလင်း)

ပြည်ပပို့ကုန်အမျိုးအစား(၇)မျိုး၏ ကုန်သွယ်လုပ်ငန်းခွန်ကို ကင်းလွတ်ခွင့်ပြု
တောင်သူလယ်သမားများ၊ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများ၊ ရေလုပ်ငန်းသမားများ၊ မွေးမြူရေးလုပ်ငန်းသမားများ အပါအဝင် တိုင်းရင်းသားစီးပွားရေးလုပ်ငန်းရှင်များအတွက် များစွာ အကျိုးပြုနိုင်မည်

နေပြည်တော် ဩဂုတ် ၁၅

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနသည် အမိန့်ကြော်ငြာစာ အမှတ် ၁၀၈/၂၀၁၁ဖြင့် ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ၊ နောက်ဆက်တွဲဇယား ၁ မှ ဇယား ၆ အထိတွင်ပါရှိသော ကုန်စည်တစ်မျိုးမျိုးကို ပြည်ပသို့ တင်ပို့ရောင်းချပါက ရောင်းရငွေ အပေါ်တွင် ကုန်သွယ်လုပ်ငန်းခွန် ရှစ်ရာခိုင်နှုန်းကို ရရှိသည့် နိုင်ငံခြားငွေဖြင့် ပေးဆောင်ရန် သတ်မှတ်ထားခြင်းအစား ဇူလိုင် ၁ ရက်မှစ၍ ငါးရာခိုင်နှုန်းသာ ပေးဆောင်ရန်လည်းကောင်း၊ တစ်ဖန် အမိန့်ကြော်ငြာစာ အမှတ် ၁၄၂/၂၀၁၁ ဖြင့် ၎င်းကုန်စည် တစ်မျိုးမျိုးကိုပင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အိန္ဒိယသမ္မတနိုင်ငံ၊ ထိုင်းနိုင်ငံတို့အကြား နယ်စပ်ကုန်သွယ်မှုတို့တွင် ကျပ်ငွေဖြင့် ပို့ကုန်ရောင်းရငွေရရှိပါက ယင်းရောင်းရငွေစုစုပေါင်း၏ ရှစ်ရာခိုင်နှုန်းကို ကုန်သွယ် လုပ်ငန်းခွန်အဖြစ် ကျပ်ငွေဖြင့် ပေးဆောင်ရန် သတ်မှတ်ထားခြင်းအစား ဩဂုတ် ၁၅ရက်မှစ၍ ငါးရာခိုင်နှုန်းသာ ပေးဆောင်ရန်လည်းကောင်း လျှော့ပေါ့ သတ်မှတ်ပေးခဲ့ပြီးဖြစ်သည်။

ယခုအခါ ထပ်မံ၍ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ အမိန့်ကြော်ငြာစာ အမှတ် ၃၂/၂၀၁၁ ဖြင့် ဆန်၊ ပဲမျိုးစုံ၊ ပြောင်း၊ နှမ်း၊ ရော်ဘာ၊ ရေချို ရေငန် ရေထွက်ပစ္စည်းများ၊ တိရစ္ဆာန်နှင့်တိရစ္ဆာန်ထွက်ပစ္စည်းများ (ကန့်သတ်ကုန်ပစ္စည်းများမှ အပ) စသည့် ပြည်ပပို့ကုန် အမျိုးအစား (၇)မျိုး၏ ပြည်ပပို့ကုန်ရောင်းရငွေအပေါ် စည်းကြပ်ကောက်ခံသည့် ကုန်သွယ်လုပ်ငန်းခွန်ကို (၁၅-၈-၂၀၁၁)ရက်မှ (၁၄-၂-၂၀၁၂)ရက်အထိ ကင်းလွတ်ခွင့်ပြုလိုက်ပြီဖြစ်သည်။

ကင်းလွတ်ခွင့်ပြု

လက်ရှိအခြေအနေတွင် နိုင်ငံတော်အတွင်း နိုင်ငံခြားငွေလဲလှယ်နှုန်းများ မတည်မငြိမ်ဖြစ်ပြီး ပို့ကုန်လုပ်ငန်းများ ကျဆင်းလျက်ရှိသည်။ ပို့ကုန်လုပ်ငန်း ထိခိုက်သည်နှင့်အမျှ ပြည်တွင်းဝယ်လိုအား လျော့ကျစေပြီး ကုန်ထုတ်လုပ်မှုများကိုလည်း ထိခိုက်စေသည်။ ထို့ကြောင့် နိုင်ငံတော်၏ စီးပွားရေးကို အတိုင်းအတာတစ်ခုအထိ ထိခိုက်မှုရှိပြီး တိုင်းရင်းသားစီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်နေရသည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ပိုမိုတိုးတက်ထုတ်လုပ်နိုင်စေရန်၊ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ပို့ကုန်တိုးမြှင့်နိုင်စေရန်နှင့် နိုင်ငံတကာဈေးကွက်တွင် ဈေးနှုန်းအရ ပြိုင်ဆိုင်လာနိုင်စေရန် ရည်ရွယ်၍ အထက်ဖော်ပြပါ ပြည်ပပို့ကုန်အမျိုးအစား(၇)မျိုး၏ ကုန်သွယ်လုပ်ငန်းခွန်ကို ကင်းလွတ်ခွင့်ပြုခဲ့ခြင်းဖြစ်သည်။

ဖော်ပြပါ ပြည်ပပို့ကုန်အမျိုးအစား (၇)မျိုး၏ ကုန်သွယ်လုပ်ငန်းခွန်ကို ကင်းလွတ်ခွင့်ပြုခဲ့ခြင်းကြောင့် တောင်သူလယ်သမားများ၊ ရော်ဘာစိုက်ပျိုး ထုတ်လုပ်သူများ၊ ရေလုပ်ငန်းသမားများ၊ မွေးမြူရေးလုပ်ငန်းသမားများ အပါအဝင် တိုင်းရင်းသားစီးပွားရေး လုပ်ငန်းရှင်များအတွက် များစွာအကျိုးပြုနိုင်မည်ဖြစ်သည့်အပြင် နိုင်ငံတော်၏ စီးပွားရေးအရှိန်အဟုန်လည်း ပြန်လည်မြင့်မား တိုးတက်လာမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံနှင့်ပြည်သူတစ်ရပ်လုံး၏ အကျိုးစီးပွားအတွက် အမြဲမပြတ်လေ့လာစောင့်ကြည့်သုံးသပ်ပြီး ဆောင်ရွက်သင့်သည်များကို အလေးထားဆောင်ရွက်ပေးလျက်ရှိရာ ယခုကဲ့သို့ ပြည်ပပို့ကုန်အမျိုးအစား (၇)မျိုး၏ ကုန်သွယ်လုပ်ငန်းခွန်ကို ကင်းလွတ်ခွင့်ပြုခဲ့ခြင်းသည် ပြည်သူတစ်ရပ်လုံးက ကြိုဆိုကြရမည့်လုပ်ဆောင်ချက်တစ်ရပ်ပင်ဖြစ်သည်။ **(သတင်းစဉ်)**

ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့် ဆန်စပါးကြိတ်ခွဲထုတ်လုပ်မှုလုပ်ငန်း စစ်ဆေး

နေပြည်တော် ဩဂုတ် ၁၅

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်သည် ဩဂုတ် ၁၄ရက် နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့ ဟိုတယ်ကုန်းကျေးရွာရှိ ပုဂ္ဂလိကပိုင် ပင်လယ်ကိုးသွယ်ကုမ္ပဏီ ဆန်စပါးစိုက်ပျိုးထုတ်လုပ် ကြိတ်ခွဲတင်ပို့ရေးလုပ်ငန်းစု၏ တန်(၁၀၀) ဆန်စက်မှ ဆန်စပါးကြိတ်ခွဲ ထုတ်လုပ်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး မြန်မာနိုင်ငံ ဆန်ကုန်သည်ကြီးများအသင်း ဥက္ကဋ္ဌနှင့် လုပ်ငန်းရှင်များအား တွေ့ဆုံ၍ ဆန်စပါးကြိတ်ခွဲထုတ်လုပ်မှုနှင့် ပြည်ပသို့ တင်ပို့ဆောင်ရွက်နေမှု အခြေအနေများကို မှာကြားပြီး**(အပေါ်ပုံ)** လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

တက်ရောက်

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးညဏ်ဝင်းတို့သည် မွန်းလွဲပိုင်းတွင်ပဲခူးတိုင်းဒေသကြီး အတွင်း ဖြစ်ပေါ်ခဲ့သော ရေဘေးသင့်ပြည်သူများအတွက် အထူးပြုကုမ္ပဏီများ၊ အသင်းအဖွဲ့များနှင့် လုပ်ငန်းရှင်များက လှူဒါန်းသည့် လှူဒါန်းငွေများနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့သည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ရေဘေးသင့်ပြည်သူများအား အားပေးစကားပြောကြားပြီး အထူးပြုကုမ္ပဏီများ၊ အသင်းအဖွဲ့များနှင့် လုပ်ငန်းရှင်များကလှူဒါန်းသည့် ငွေကျပ်သိန်း ၅၀၊ ဆန်အိတ်ပေါင်း ၁၃၅၀၊ ကုလားပဲပိဿာ ၂၀၀၀၊ စားဆီ ၅၆၇၃ပိဿာ၊ ကြက်သွန်ပိဿာ ၃၆၀၀၊ မျိုးစပါးတင်း ၅၀၀တို့ကို အထူးပြုကုမ္ပဏီများနှင့် လုပ်ငန်းရှင်များက လှူဒါန်းကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ရေဘေးသင့်ပြည်သူများကိုယ်စား အလှူရှင်များအား ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

MMITEE သင်တန်းဖွင့်မည်

ရန်ကုန် ဩဂုတ် ၁၅

မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ် (MCF) နှင့် The Association for Overseas Technical Scholarship (AOTS)တို့၏ ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်အရ IT ပညာဖွံ့ဖြိုးတိုးတက်ရေးအတွက် The Training Program on Instructors for ITEE in Myanmar (MMITEE) သင်တန်းကို သင်တန်းသား ၃၀ လက်ခံ၍ လှိုင်မြို့နယ် Myanmar Info-Tech ရှိ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ် e-Learning Center ၌ စက်တင်ဘာ ၂၆ရက်မှစ၍ ရက်သတ္တနှစ်ပတ်ကြာ အခမဲ့ ဖွင့်လှစ်သင်ကြားမည် ဖြစ်သည်။

စုံစမ်းမေးမြန်းနိုင်

စိတ်ပါဝင်စားသည့် အသက်(၂၃)နှစ်နှင့် (၅၀)အတွင်းရှိ IT ပညာရပ်တွင် အတွေ့အကြုံ အနည်းဆုံး သုံးနှစ်ရှိသူ၊ သင်တန်းပို့ချနေသူ သို့မဟုတ် Programming Language အတွေ့အကြုံရှိသူ မည်သူမဆို ဩဂုတ် ၂၆ ရက် နောက်ဆုံးထား၍ လျှောက်ထားနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်ရုံး ဖုန်း-၆၅၂၃၀၇ သို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း နောက်ဆုံးရ နိုင်ငံတကာသတင်း

မိုးမြင့်လင်းလက် – ရေးသားသည်

အီရန်-အိန္ဒိယ ရေကြောင်းကုန်စည်ပို့ဆောင်ရေးသင်္ဘော ဆိုမာလီပင်လယ်ဓားပြများ ပြန်လွှတ်ပေး

တီဟီရန် ဩဂုတ် ၁၅

ဆိုမာလီပင်လယ်ဓားပြများ လွန်ခဲ့သည့် ငါးလက အပိုင်စီးသွားခဲ့သည့် အီရန်–အိန္ဒိယရေကြောင်းကုန်စည်ပို့ဆောင်ရေးကုမ္ပဏီပိုင် သင်္ဘောတစ်စင်းမှာ သင်္ဘောသားအားလုံး ကျန်းကျန်းမာမာဖြင့် ပြန်လည်လွတ်မြောက်လာပြီဖြစ်ကြောင်း အင်တာနက်သတင်းတွင် ဩဂုတ် ၁၄ ရက်က ဖော်ပြပါရှိသည်။ (အပေါ်ပုံ)

ကြေညာ

အဆိုပါ ကုန်သင်္ဘောမှာ ပင်လယ်ဓားပြများလက်မှ ပြန်လွတ်လာပြီဖြစ်ကြောင်း၊ လာမည့်ရက်သတ္တပတ်တွင် အီရန်သို့ပြန်ရောက်မည်ဖြစ်ကြောင်း ယင်းကုမ္ပဏီ၏ အရေးပေါ်တုံ့ပြန်ရေးကော်မတီက ကြေညာသည်။

ခေါ်ဆောင်သွား

နောက်ဆုံးသတင်းများအရ သင်္ဘောပေါ်၌ လိုက်ပါလာသည့် သင်္ဘောသား ၂၂ ဦးစလုံး ကျန်းမာရေးအခြေအနေ ကောင်းမွန်ကြသည်ဟု ကော်မတီက ကြေညာသည်။ အဆိုပါ ကုန်သင်္ဘောကို အီရန်ဆိပ်ကမ်းမြို့ ဘန်ဒါအဘာတ်စ်မှ တရုတ်နိုင်ငံသို့ အသွား အာရေဗျပင်လယ်တွင် ဆိုမာလီပင်လယ်ဓားပြများက ဖေဖော်ဝါရီလအတွင်းတွင် အပိုင်စီး ခေါ်ဆောင်သွားခဲ့ခြင်းဖြစ်သည်။ (အင်တာနက်)

ပါကစ္စတန်အနောက်တောင်ပိုင်းရှိ ဟိုတယ်၌ ဗုံးပေါက်ကွဲ၊ ၁၁ ဦးသေဆုံး

အစ္စလမ္မာဘတ် ဩဂုတ် ၁၅

ပါကစ္စတန်နိုင်ငံအနောက်တောင်ပိုင်း ဘလူချီစတန်ပြည်နယ်တွင် ဩဂုတ် ၁၄ ရက်က ဟိုတယ်တစ်လုံးကို အဝေးထိန်းစနစ်ဖြင့် ဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွားခဲ့ရာ ၁၁ ဦးသေဆုံးပြီး ၂၀ ခန့် ဒဏ်ရာရရှိခဲ့ကြောင်း အူရဒူသတင်းဌာနက ဩဂုတ် ၁၅ ရက်၌ သတင်းထုတ်ပြန်သည်။ **(အောက်ပုံ)**

ဗုံးပေါက်ကွဲသည့်နေရာမှာ ကွီတာမြို့မှ ကီလိုမီတာ ၂၅၀ ခန့်အကွာ ဒီရာအယ်လာယာမြို့ရှိ ဟိုတယ်တစ်လုံးတွင် နံရံနှင့်ကပ်ပြီး ချည်နှောင်ထားသောဗုံးမှ ပေါက်ကွဲခဲ့ခြင်းဖြစ်သည်။ ဗုံးပေါက်ကွဲမှုမှာ လူ ၃၀ ခန့်ရှိသော ဟိုတယ်မြေညီထပ်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။ ဗုံးပေါက်ကွဲမှုကြောင့် ကယ်ဆယ်ရေးအဖွဲ့များက ပြိုကျပျက်စီးနေသော အပျက်အစီးများကြားမှ သေဆုံးဒဏ်ရာရသူများကို ရှာဖွေကယ်ဆယ်လျက်ရှိကြောင်း၊ ဒဏ်ရာရသူများအား နီးစပ်ရာဆေးရုံသို့ တင်ပို့ပေးထားကြောင်း၊ ဗုံးပေါက်ကွဲချိန်တွင် ဟိုတယ်အနီးရှိကားများနှင့် ဖြတ်မောင်းသွားသော ကားတစ်စီးမှာလည်း ပျက်စီးသွားပြီး ယာဉ်မောင်းလည်း ဒဏ်ရာရရှိခဲ့ကြောင်း သတင်း၌ ဖော်ပြသည်။

မသိရ

ယင်းဗုံးပေါက်ကွဲမှုနှင့်ပတ်သက်ပြီး မည်သည့်အဖွဲ့အစည်း၏ လက်ချက်ဖြစ်သည်ကို ရှင်းလင်းစွာမသိရသေးကြောင်း သတင်း၌ ဆက်လက်ဖော်ပြထားသည်။ **(အင်တာနက်)**

စင်ကာပူ၌ စားသောက်ဆိုင်တစ်ဆိုင် မီးလောင်မှုဖြစ်ပွား

စင်ကာပူ ဩဂုတ် ၁၅

စင်ကာပူနိုင်ငံ လမ်ဘူလမ်းမကြီးပေါ်ရှိ အဆောက်အအုံတစ်ခုတွင် ဩဂုတ် ၁၄ ရက်က မီးလောင်မှုဖြစ်ပွားရာ ၁၁ဦးဒဏ်ရာရရှိပြီး ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ကြောင်း စင်ကာပူမြို့ပြကာကွယ်ရေးတပ်ဖွဲ့(အက်စီဒီအက်ဖ်)က ဩဂုတ် ၁၅ ရက်၌ သတင်းထုတ်ပြန်သည်။ (ဝဲပုံ)

မီးလောင်မှုမှာ စင်ကာပူနိုင်ငံ၏ အဓိကလမ်းမကြီးဖြစ်သည့် လမ်ဘူလမ်းမပေါ်တွင်ဖွင့်လှစ်ထားသော စားသောက်ဆိုင်တစ်ဆိုင်၏ မီးဖိုခန်းမှစတင်ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

မီးလောင်မှုဖြစ်ပွားရာနေရာသို့ စင်ကာပူမြို့ပြကာကွယ်ရေးတပ်ဖွဲ့ပိုင် ဂျက်လေယာဉ်တစ်စင်းဖြင့် ဝေပင်မှရေများ ဖျန်းချ မီးငြိမ်းသတ်ပေးခဲ့ရကြောင်း၊ မီးသတ်တပ်ဖွဲ့ဝင်များရောက်ရှိပြီး ၁၀ မိနစ်ခန့်အကြာ မီးငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။ မီးလောင်မှုဖြစ်ပွားခြင်းနှင့်ပတ်သက်ပြီး စုံစမ်းစစ်ဆေးမှုများပြုလုပ်လျက်ရှိသည်။ (အင်တာနက်)

16-8 (04).pmd 1 8/16/2011, 3:22 AM

မြန်မာ-ထိုင်း နှစ်နိုင်ငံရဲချုပ်များ တွေ့ဆုံဆွေးနွေး

နေပြည်တော် ဩဂုတ် ၁၅

ထိုင်းနိုင်ငံ တော်ဝင်ရဲတပ်ဖွဲ့ရဲချုပ် Mr. Wichean Potephosree ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင် ခြောက်ဦးသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သို့ လာရောက်၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ကျော်ကျော်ထွန်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့နှင့် ဩဂုတ် ၁၄ ရက် နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန၌ မြန်မာ-ထိုင်း နှစ်နိုင်ငံ ရဲတပ်ဖွဲ့ အချင်းချင်း ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးနှင့် နိုင်ငံဖြတ်ကျော် မှုခင်းများ တိုက်ဖျက်ရေး ကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးကြသည်။ **(အပေါ်ပုံ)**

ထိုင်းနိုင်ငံ တော်ဝင်ရဲတပ်ဖွဲ့ ရဲချုပ်ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့တွင် ဥပ္ပါတသန္တိစေတီတော်သို့ သွားရောက်ဖူးမြော် ကြည်ညိုကြပြီး ထိုင်းနိုင်ငံသို့ ပြန်လည်ထွက်ခွာသွားကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဇူလိုင် ၂၄ ရက်က ကလေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယ ဦးစီးမှူး (ဈေး)နှင့် အဖွဲ့ဝန်ထမ်းများ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ခြင်ဆေးဖျန်းခြင်း လုပ်ငန်းကို အဖွဲ့ပိုင်မြို့မဈေးတွင် အမှုဆောင်အရာရှိ ဦးလင်းထွဋ် ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

မြန်မာ့ရုပ်မြင်သံကြား

၁၆-၈-၂၀၁၁ (အင်္ဂါနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် -ယောဆရာတော်ဟောကြားတော်မူသော ဥပ္ပါတသန္တိပါဠိတော်
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ အောင်တော်မူ(စောမင်းနောင်၊ စိုင်းညီမင်း၊တေးရေး-ဗိုလ်ကလေးတင့်အောင်)
- ၇:၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၈:၀၀ ၆။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
- ၈:၀၅ ၇။ နှောင်းခေတ်တေးပဒေသာ
- ၈:၁၅ ၈။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
- ၈:၂၅ ၉။ **၂၀၁၁ခုနှစ် (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၊ ပြိုင်ပွဲဝင်များလေ့လာနိုင်ကြရန်**

(မဟာဂီတ)ဝါသနာရှင် (ပထမတန်း)အဆင့် (အမျိုးသား၊အမျိုးသမီး)

- ၈:၄၀ ၁၀။ International News
- ၈:၄၅ ၁၁။ တေးဂီတအစီအစဉ်

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၀ ၂။ တေးဂီတအစီအစဉ်
- ၄:၂၀ ၃။ အတီးပြိုင်ပွဲ
- ၄:၃၀ ၄။ နှောင်းနှောင်းတ
- ၄:၄၀ ၅။ ကြေးမုံရိပ်သွင်တေးနှယ်ညီ
- ၄:၅၀ ၆။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ -ပထမနှစ် (ဓာတုဗေဒ၊ရူပဗေဒ၊ သတ္တဗေဒ၊ ရုက္ခဗေဒအထူးပြုများ) (ဓာတုဗေဒ)
- ၅:၀၅ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၅:၁၀ ၇။ ရင်မှာစွဲထင်တေးအလှသံစဉ်
- ၅:၂၀ ၈။ **၂၀၁၁ခုနှစ် (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲ၊ ပြိုင်ပွဲဝင်များလေ့လာနိုင်ကြရန်**

(မဟာဂီတ)ဝါသနာရှင် (ဒုတိယတန်း)အဆင့် (အမျိုးသား၊အမျိုးသမီး)

- ၅:၄၀ ၉။ အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်)နှင့် ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာနအောက်ရှိ တက္ကသိုလ်၊ဒီဂရီ ကောလိပ်၊ပညာရေး ကောလိပ်များ ရေကူးပြိုင်ပွဲ (အပိုင်း-၂)
- ၆:၀၀ ၁၀။ ညနေခင်းသတင်း
- ၆:၁၅ ၁၁။ မိုးလေဝသအခြေအနေ
- ၆:၂၀ ၁၂။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
- ၆:၂၅ ၁၃။ ဆိုလိုက်ကြစို့
- ၇:၀၀ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **သစ္စာနှလုံးသား** (အပိုင်း-၁၈)
- ၈:၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ ရယ်စရာဟာသများ
- ၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **ပန်းသုံးပွင့်ရဲ့ဒိုင်ယာရီ** (အပိုင်း-၂)

ဩဂုတ် ၁၅ရက်က တောင်ငူမြို့ ရေဘေးကယ်ဆယ်ရေးစခန်းများ၌ ရေဘေးသင့် ပြည်သူများအား နယ်လှည့်ဆေးကုသရေးအဖွဲ့များက ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးကြစဉ်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၁၆-၈-၂၀၁၁ (အင်္ဂါနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၇:၀၄ ၃။ နိုင်ငံတော်သီချင်း
- ၇:၀၅ ၄။ တရားတော်
- ၇:၁၅ ၅။ ဓမ္မပူဇာတေး
- ၇:၂၀ ၆။ မျိုးချစ်တပ်မတော်
- ၇:၂၅ ၇။ မြန်မာ့ရှုခင်း
- ၇:၃၀ ၈။ မြန်မာသံစဉ် ချိုနားဝင်
- ၇:၄၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇:၅၀ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၈:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၄:၀၄ ၃။ နိုင်ငံတော်သီချင်း
- ၄:၀၅ ၄။ အဖွင့်သီချင်း
- ၄:၁၀ ၅။ အမျိုးသားရေးတေးကဗျာ
- ၄:၁၅ ၆။ မျိုးချစ်တပ်မတော်
- ၄:၂၀ ၇။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
- ၄:၃၀ ၈။ အလွမ်းတေးပန်းချီချစ်သူဆီ
- ၄:၃၅ ၉။ အင်္ဂလိပ်စာသုတ
- ၄:၄၅ ၁၀။ မြန်မာသံစဉ်ချိုနားဝင်
- ၅:၀၀ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅:၃၀ ၁၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဟာသလွှင့်ပြင်**(အပိုင်း -၂၈)
- ၆:၀၀ ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၄။ အမျိုးသားရေးတေးကဗျာ
- ၆:၂၅ ၁၅။ အောင်မြင်ခြင်းလမ်းမ
- ၇:၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **လမင်း နေမင်း ကြယ်တစ်စင်း** (အပိုင်း-၄၀)
- ၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၈။ အမျိုးသားရေးတေးကဗျာ
- ၁၉။ ဒို့တာဝန်အရေး(၃)ပါး
- ၂၀။ နိုင်ငံတကာသတင်း
- ၂၁။ မိုးလေဝသသတင်း
- ၂၂။ မွေးမြူသုတ
- ၂၃။ ဟာသရုပ်စုံ
- ၂၄။ သီချင်းလက်ဆောင်
- ၂၅။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရောင်ပြန်မေတ္တာ** (အပိုင်း-၉)
- ၂၇။ **Mini Series**

(၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ

အဆိုဘာသာရပ်အတွက် ပြိုင်ပွဲဝင်များလေ့လာရန် တေးသီချင်းများ

(ယမန်နေ့မှ အဆက်)

ကာလပေါ်တေး/ခေတ်ဟောင်းတေး

၁။ ဝါသနာရှင်(ပထမတန်း)အဆင့် (အမျိုးသား)

(က)	ဗောဓိပင်နှင့် ရွှေပလ္လင်	ဒေါ်ကြည်အောင်
(ခ)	နတ်ဒေဝီ	ခင်မောင်ရင်
(ဂ)	ဇရာ	ကိုမင်းနောင်
(ဃ)	စိမ့်ကြီးမြိုင်ကြီး	ကိုအံ့ကြီး
(င)	ရပ်ကြီးသူ	ဦးသိန်းကြွယ်
(စ)	တောင်သမန်	နန်းတော်ရှေ့ဆရာတင်
(ဆ)	ဘုံဓမ္မတာ	ဥသြဘသောင်
(ဇ)	ကျောင်းတော်ရာ	ပြည်ဘရှင်
(ဈ)	ပန်းစုံတဲ့တော	ခင်မောင်ရင်
(ည)	မင်္ဂလာတော်	ဥသြဘသောင်

၂။ ဝါသနာရှင်(ပထမတန်း)အဆင့် (အမျိုးသမီး)

(က)	မြိုင်	ရီရီသန့်
(ခ)	ဆယ့်နှစ်လရာသီ	မေမေဝင်း
(ဂ)	မဟာတြိရတနာ	ရီရီသန့်
(ဃ)	နီးအောင်ပင်လှမ်း	ဒေါ်ကြည်အောင်
(င)	ဂီတအခြေခံ	အဖွဲ့
(စ)	မေတ္တာဝေသံဆန်း	တင်တင်မြ
(ဆ)	နွေဦးတေးသံ	မေလှမြိုင်
(ဇ)	ဝေဿန္တရာ	ရီရီသန့်
(ဈ)	ပျံ့သန်းရမည့်နေ့	စိန်စိန်မြိုင်
(ည)	မိဘမေတ္တာ	ဒေါ်ကြည်အောင်

၃။ ဝါသနာရှင်(ဒုတိယတန်း)အဆင့် (အမျိုးသား)

(က)	ရွှေတိဂုံသမိုင်း	ဒေါ်ကြည်အောင်
(ခ)	စိမ်း	ကိုမြင့်ဆွေ
(ဂ)	ချစ်ရတုထံတွာ	ကိုလေးမြင့်
(ဃ)	စိမ်းလဲ့ညို	မောင်မောင်ကြီး
(င)	အမြတ်ဆုံးလူ	မောင်မောင်ကြီး
(စ)	စာဆိုစစ်သည်	စန္ဒရားထွန်းညွန့်

၄။ ဝါသနာရှင်(ဒုတိယတန်း)အဆင့် (အမျိုးသမီး)

(က)	စန္ဒကိန္နရီ	ဒေါ်လှရွှေ
(ခ)	ကျေးစေတမန်	မေရှင်
(ဂ)	အာရောဂျံ	ဒေါ်ကြည်အောင်
(ဃ)	တောင်တန်းပြာနဲ့ ကျောပိုးအိတ်	တင်တင်မြ
(င)	ကထိန်သင်္ကန်း	စိန်ပါတီ
(စ)	စိမ်းရောင်စို	လေဘာတီမြရင်

၅။ အဆင့်မြင့်ပညာအဆင့် (အမျိုးသား)

(က)	ကတ္တဋ္ဌရွှေစည်	ဂီတာစိမ်းမောင်
(ခ)	ဖန်တီးသူတို့အပြုံးများ	ဂီတလုလင်ဦးကိုကို
(ဂ)	မဲဇာရွှေလီ	လေဘာတီမြရင်
(ဃ)	တိမ်တမန်	စန္ဒရားလှထွတ်

၆။ အဆင့်မြင့်ပညာအဆင့် (အမျိုးသမီး)

(က)	မေတ္တာဟူသည်	ထား
(ခ)	ဥတုသုံးလီ	တင်တင်မူ
(ဂ)	ဘုတ်တလုတ်ကန်	ထား
(ဃ)	ရွှေမိုးရယ်မှောင်	တင်တင်မြ

(ဆက်လက်ဖော်ပြပါမည်)

မုတ်သုံလေ အားအသင့်အတင့်ရှိမည်

နေပြည်တော် ဩဂုတ် ၁၅

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက မကွေးတိုင်းဒေသကြီးတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး မန္တလေးတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်ကျား၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ကာ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် ဒေသအလိုက် မိုးကြီးခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားနည်းနေသည်။

ဩဂုတ် ၁၆ ရက် ညနေအထိခန့်မှန်းချက်မှာ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မုတ်သုံလေအားအသင့်အတင့်ရှိမည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

◆ ရှေ့ဖုံးမှ

အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးကော်မတီဝင်များ ဖြစ်ကြသော ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ သဘင်၊ ဂီတပညာရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက ယခုကျင်းပသည့် (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲသည် အမျိုးသားယဉ်ကျေးမှု အမွေအနှစ်များကို ထိန်းသိမ်းမြှင့်တင်နိုင်ရန် ကျင်းပပြုလုပ်သည့် ပြိုင်ပွဲဖြစ်၍ အသွင်သဏ္ဌာန်ရော၊ အနှစ်သာရပါ ပိုမိုတိုးတက်မြင့်မားစွာဖြင့် ဖော်ထုတ်ယှဉ်ပြိုင်ကြသည့် ပြိုင်ပွဲဖြစ်အောင် ကျင်းပပြုလုပ်သွားရန် နိုင်ငံတော်သမ္မတက လမ်းညွှန်မိန့်ကြားထားပါကြောင်း။

ဝိုင်းဝန်းပံ့ပိုး

ဤပြိုင်ပွဲကျင်းပရေးလုပ်ငန်းသည် နိုင်ငံတော်အဆင့်၊ အမျိုးသားအဆင့် လုပ်ငန်းဖြစ်၍ ကြိုတင်ပြင်ဆင်မှု၊ ညှိနှိုင်းဆောင်ရွက်မှု၊ ပူးပေါင်းဆောင်ရွက်မှုများသည် အရေးကြီးကြောင်း၊ ပြိုင်ပွဲတစ်ခုလုံး အောင်မြင်စွာ ကျင်းပပြီးစီးနိုင်ရေးအတွက် ဆပ်ကော်မတီများအလိုက် လုပ်ငန်းတာဝန်များကို အလေးထား အကောင်အထည်ဖော် ဆောင်ရွက်ကြခြင်းဖြင့် ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီနှင့်လုပ်ငန်းကော်မတီအား ဝိုင်းဝန်းပံ့ပိုးကြစေလိုကြောင်း။

ဆပ်ကော်မတီများသည် မိမိတို့ဆပ်ကော်မတီအလိုက် ဆောင်ရွက်ရမည့် လုပ်ငန်းများကို အကောင်းဆုံး ဆောင်ရွက်ကြရန်၊ ဤပြိုင်ပွဲသည် ကြီးမား

(၁၈)ကြိမ်မြောက် မြန်မာ့ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ကျင်းပရေး လုပ်ငန်းကော်မတီ အတွင်းရေးမှူး ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင် ရှင်းလင်း တင်ပြစဉ်။ (သတင်းစဉ်)

ကျယ်ပြန့်သည့် လုပ်ငန်းဖြစ်သည့်အားလျော်စွာ အဘက်ဘက်မှ ဟာကွက်မရှိအောင် ဆပ်ကော်မတီအသီးသီးက ပူးပေါင်းဆောင်ရွက်ကြရန်နှင့် လုပ်ငန်းတာဝန်များကို ထိုးထွင်းကြံဆတီထွင် ဆောင်ရွက်ကြရန် မှာကြားလိုကြောင်း။

စီမံဆောင်ရွက်

(၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲအပေါ် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ပိုမိုစိတ်ဝင်စားမှုရှိလာစေရန် ရုပ်မြင်သံကြား၊ ရေဒီယို၊ သတင်းစာ စသည့် မီဒီယာများမှ တစ်ဆင့်၊ တေးသီချင်းများ၊ ဇာတ်လမ်းများ၊ ဆွေးနွေးခန်းများ၊ ဆောင်းပါးများအား ထုတ်လွှင့်ဖော်ပြခြင်း၊ ပြည်နယ်များမှ ပြိုင်ပွဲဝင် တိုင်းရင်းသားများအား ချီးမြှောက်သည့်အနေဖြင့် ပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယဆုများအပြင် နှစ်သိမ့်ဆု၊ အထူးဆု၊ ဂုဏ်ပြုဆု စသည့် ဆုများကို ယခင်ထက် ပိုမိုသတ်မှတ်ချီးမြှင့်ခြင်း၊ ပြည်နယ်များမှ တိုင်းရင်းသား လေ့လာသူများအား ယခင်နှစ်များနည်းတူ ခွင့်ပြုစီစဉ်ပေးခြင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အုပ်ချုပ်သူများ၊ ပြိုင်ပွဲဝင်များ၏ နေထိုင်စားသောက်ရေး၊ ကျန်းမာရေးနှင့် ပို့ဆောင်ရေးကိစ္စရပ်များတွင် အဆင်ပြေဆုံး၊ အကောင်းမွန်ဆုံး ဖြစ်အောင် စနစ်တကျ စီမံဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း။

ထို့အပြင် ပြိုင်ပွဲဝင်များအတွက် သင်ကြားလေ့ကျင့်ရေးအဖွဲ့များ ဖွဲ့စည်းပြီး လိုအပ်သည့် တိုင်းဒေသကြီး၊ ပြည်နယ်များသို့ စေလွှတ်ပံ့ပိုးဆောင်ရွက်ပေးခြင်း၊ ပြိုင်ပွဲအနှစ်သာရ ပိုမိုတိုးတက်ရေးအထောက်အကူပြုအဖွဲ့ ဖွဲ့စည်းပြီး ပြိုင်ပွဲဝင် ဘာသာရပ်များအလိုက် သရုပ်ပြပညာပေး အစီအစဉ်များ ထုတ်လုပ်၍ ရုပ်မြင်သံကြား၊ ရေဒီယို၊ သတင်းစာများမှ ထုတ်လွှင့်ဖော်ပြခြင်း၊ ယင်းအစီအစဉ်ပါ စီဒီ၊ ဗွီစီဒီများအား မူရင်းကျသင့်ဈေးနှုန်းဖြင့် ဖြန့်ချိပေးခြင်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းဆွေးနွေးမှာကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေးလုပ်ငန်း ကော်မတီ အတွင်းရေးမှူး ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်က (၁၈) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ကော်မတီ/ဆပ်ကော်မတီ (၁၆)ခု ဖွဲ့စည်းထားမှုအခြေအနေ၊ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီ ပြင်ဆင်ဖွဲ့စည်းထားမှု အခြေအနေ၊ (၁၈)ကြိမ်မြောက်ပြိုင်ပွဲကို ကျင်းပပြုလုပ်မည့် နေ့ရက်၊ အချိန်၊ အခမ်းအနားများနှင့် ပြိုင်ပွဲကျင်းပမည့်နေရာ၊ ပြိုင်ပွဲတွင် ယှဉ်ပြိုင်မည့် ပြိုင်ပွဲအဆင့်များ၊ ဘာသာရပ်များနှင့်ဘဏ္ဍာငွေရရှိသုံးစွဲမှု အခြေအနေများကို ဗီဒီယိုဆလိုက်ဖြင့် အသေးစိတ် ရှင်းလင်းတင်ပြသည်။

ကြိုတင်ပြင်ဆင်

ယင်းနောက် (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပရေး ကော်မတီ/ ဆပ်ကော်မတီများဖြစ်ကြသည့် လုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေး ဆပ်ကော်မတီ၊ ပြိုင်ပွဲကျင်းပရေး ဆပ်ကော်မတီ၊ ပြိုင်ပွဲဝင်စိစစ်ရေး ဆပ်ကော်မတီ၊ ဖိတ်ကြားရေး၊ ကြိုဆိုနေရာချထားရေးနှင့် ပို့ဆောင်ဆက်သွယ်ရေး ဆပ်ကော်မတီ၊ ဧည့်ခံကျွေးမွေးရေး၊ ကြိုဆိုရေးနှင့် ဂုဏ်ပြုညစာစားပွဲကျင်းပရေး ဆပ်ကော်မတီ၊ ဘဏ္ဍာငွေရှာဖွေရေး၊ ဆုချီးမြှင့်ရေးနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပရေး ဆပ်ကော်မတီ၊ ပြန်ကြားရေး၊ သတင်းထုတ်ပြန်ရေးနှင့် လှုံ့ဆော်ရေး ဆပ်ကော်မတီ၊ အခမ်းအနားပြင်ဆင်ရေး ဆပ်ကော်မတီ၊ ကျန်းမာရေးဆပ်ကော်မတီ၊ လုပ်ငန်းစစ်ဆေးရေးဆပ်ကော်မတီ၊ ကြိုဆိုနှုတ်ဆက်ပွဲနှင့် ဖွင့်ပွဲကျင်းပရေး ဆပ်ကော်မတီ၊ တည်းခိုနေရာချထားရေး၊ တည်းခိုရေးစခန်းအုပ်ချုပ်ရေးနှင့် သက်သာချောင်ချိရေး ဆပ်ကော်မတီ၊ အကဲဖြတ်၊ အမှတ်ပေးကြီးကြပ်ရေးနှင့်မူဝါဒဆိုင်ရာ စာသားစိစစ်ရေး ဆပ်ကော်မတီတို့မှ တက်ရောက်လာကြသူများက မိမိတို့သက်ဆိုင်ရာ ဆပ်ကော်မတီအလိုက် (၁၈) ကြိမ်မြောက်မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်မည့် အစီအစဉ်များနှင့် ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

စီစဉ်ထားရှိ

ဆက်လက်၍ အဆို အကဲဖြတ်လုပ်ငန်းအဖွဲ့၊ အက အကဲဖြတ်လုပ်ငန်းအဖွဲ့၊ အရေး အကဲဖြတ်လုပ်ငန်းအဖွဲ့၊ အတီး အကဲဖြတ်လုပ်ငန်းအဖွဲ့၊ ပြဇာတ်ဘာသာရပ်အဖွဲ့၊ ကွက်စိပ်ဘာသာရပ်အဖွဲ့၊ ဇာတ်သဘင်ဘာသာရပ်အဖွဲ့၊ ရုပ်သေးဘာသာရပ်အဖွဲ့နှင့် ခေတ်အကြိုက်တေးသီချင်း ဘာသာရပ်ကဏ္ဍများအလိုက် အကဲဖြတ်လုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌများနှင့် ခေါင်းဆောင်များက ဘာသာရပ်အလိုက် စီစဉ်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်လာကြသူများက အထွေထွေကိစ္စရပ်များကို ဝိုင်းဝန်းဆွေးနွေး တင်ပြကြသည်။

ရှင်းလင်း တင်ပြချက်များနှင့် စပ်လျဉ်း၍ ပြိုင်ပွဲကျင်းပရေးဦးစီး ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားရာတွင် ဤအစည်းအဝေးတွင် ညှိနှိုင်းဆွေးနွေး ဆုံးဖြတ်ကြသည့်အတိုင်း လုပ်ငန်းကော်မတီများက အောင်မြင်အောင် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်းဖြင့် ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ညှိနှိုင်းအစည်းအဝေး အပြီးတွင် ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းသည် တက်ရောက်လာကြသော သဘင်၊ ဂီတ အနုပညာရှင်ကြီးများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။ (သတင်းစဉ်)

ကျွမ်းကျင်အလုပ်သမားများ၊ အတတ်ပညာရှင်များပေါ်ပေါက်အောင်စီစဉ်
အလုပ်ရှင် အလုပ်သမား မျှတသောဆက်ဆံမှုဖြင့် အခက်အခဲများကျော်လွှား

နေပြည်တော် ဩဂုတ် ၁၅

CMP လုပ်ငန်းရှင်များနှင့် တွေ့ဆုံပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ အမှတ်(၁) စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ အမှတ်(၁) စက်မှုဝန်ကြီးဌာနနှင့် အမှတ်(၂)စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ အလုပ်သမားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန CMP ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ CMP အထည်ချုပ်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များ၊ CMP လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

မှာကြား

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်က နိုင်ငံတော်အနေဖြင့် စက်မှုဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ထောင်လျက်ရှိပြီး CMP လုပ်ငန်းများသည် စက်မှုဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ထောင်ရာတွင် အထူးအားထားရသည့် လုပ်ငန်းများဖြစ်ကြောင်း၊ မကြာခင်ကာလတွင်လည်း CMP လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပြီး အခြားနိုင်ငံများသည်ပင် CMP လုပ်ငန်းများမှတစ်ဆင့် စက်မှုနိုင်ငံ ထူထောင်အောင်မြင်မှုများ ရရှိသည်ကိုလေ့လာတွေ့ရှိခဲ့ကြောင်း၊ CMP လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှ အလုပ်သမားများ အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး ဆင်းရဲမှုလျှော့နည်းပပျောက်ရေးအတွက် အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း၊ CMP လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရန်အတွက် CMP ကြီးကြပ်ရေး ဆပ်ကော်မတီအသီးသီး၊ ဝန်ကြီးဌာနများနှင့် CMP လုပ်ငန်းရှင်များက ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် မှာကြားသည်။ ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက CMP လုပ်ငန်းများသည် နိုင်ငံတော်၏ သယံဇာတအရင်းအနှီးများ မကုန်ဘဲ လုပ်အားကိုအသုံးချရုံဖြင့်အကျိုးအမြတ်ရရှိသည့် လုပ်ငန်းဖြစ်ကြောင်း၊ CMP လုပ်ငန်းများနှင့် ပတ်သက်၍ ပြုပြင်ပြောင်းလဲသင့်သည်များကို ပြုပြင်ပြောင်းလဲပြီး ကျွမ်းကျင်အလုပ်သမားများ၊ အတတ်ပညာရှင်များ ပေါ်ပေါက်အောင် စီစဉ်ဆောင်ရွက်၍ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုကို ကြိုးပမ်းဆောင်ရွက်ကြရန်နှင့် အလုပ်ရှင် အလုပ်သမား မျှတသောဆက်ဆံမှုဖြင့် တွေ့ကြုံနေရသော အခက်အခဲများကို ကျော်လွှားသွားကြရန် လိုအပ်ကြောင်းဖြင့် ပြောကြားသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့် ဇေယျာရတနာ ငွေစုငွေချေးအသင်းခွဲ (မြင်းမူမြို့နယ်)မှ ငွေထုတ်ချေးခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

ဆွေးနွေးတင်ပြ

ထို့နောက် တက်ရောက်လာကြသော CMP အထည်ချုပ်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးမြင့်စိုး၊ အတွင်းရေးမှူးဦးကျော်ဝင်းနှင့် CMP လုပ်ငန်းရှင်များက အထည်ချုပ်လုပ်ငန်းများ ဆောင်ရွက်မှု၊ အလုပ်သမားများ၏ အခွင့်အလမ်းများ ရရှိနိုင်ရေးနှင့် ဝင်ငွေခွန်စည်းကြပ်မှုနှင့် ပေးဆောင်ရမှု အခြေအနေများကို ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်းက လုပ်ထုံးလုပ်နည်းဆိုင်ရာ အဟန့်အတားများ ဖြေလျှော့ပေးနိုင်မှုကိစ္စရပ်များ၊ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနိုင်မှု အခြေအနေများကို ပြန်လည်ဆွေးနွေးတင်ပြပြီး ပြည်ထောင်စုဝန်ကြီးဦးစိုးသိန်းက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဆင်းရဲမှုလျှော့နည်းပပျောက်ရေးအတွက်
ဇေယျာရတနာ ငွေစုငွေချေးအသင်းခွဲ
မြင်းမူနှင့် မြောင်မြို့နယ်တို့၌ ထူထောင်ဖွင့်လှစ်

နေပြည်တော် ဩဂုတ် ၁၅

ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်သည် ဩဂုတ် ၁၄ ရက် နံနက် ၁၀ နာရီတွင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ရွှေဘိုခရိုင်ရုံး၌ ခရိုင်အင်ဂျင်နီယာမှူး ဦးစိုးသိန်း၏ ခရိုင်အတွင်းရှိလမ်း-တံတားလုပ်ငန်းများဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များ တင်ပြချက်အပေါ် မိမိခရိုင်အတွင်းရှိ လမ်း-တံတားများ တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ရန်နှင့် B.O.T လမ်းများကိုလည်း စစ်ဆေးကြပ်မတ်ပေးရန် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက အထူးအဖွဲ့၊ ခရိုင်အဖွဲ့၊ မြို့နယ်အဖွဲ့နှင့် မြို့နယ်ခွဲတို့မှ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာများမှာကြားပြီး ရုံးခန်းများနှင့် ရုံးအဆောက်အအုံများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် မြင်းမူမြို့ရှိ ဇေယျာရတနာ ငွေစုငွေချေးအသင်းခွဲ ဖွင့်လှစ်မည့်ရုံးသို့ ရောက်ရှိပြီး ဆင်းရဲမှုလျှော့နည်းပပျောက်ရေးအတွက် ဇေယျာရတနာ ငွေစုငွေချေးအသင်းခွဲ မြင်းမူမြို့နယ်၌ ထူထောင်ဖွင့်လှစ်ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက မြင်းမူမြို့နယ် ဇေယျာရတနာ ငွေစုငွေချေးအသင်းခွဲအတွက် လုပ်ငန်းစတင်ရန် မတည်ငွေကျပ်သိန်း ၁၀၀ကို အသင်းဥက္ကဋ္ဌ ဦးသိုက်ထွန်းထံပေးအပ်ပြီး ဇေယျာရတနာငွေစုငွေချေးအသင်းခွဲက တောင်သူလယ်သမား၊ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်း၊ အိမ်ဆိုင်/စတိုးဆိုင်၊ အခြေခံလူတန်းစားတို့အတွက် ငွေထုတ်ချေးခြင်းလုပ်ငန်းများ စနစ်တကျဆောင်ရွက်ပေးနေမှုကို လိုက်လံကြည့်ရှုအားပေးသည်။

ကြည့်ရှုအားပေး

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် ညနေပိုင်းတွင် မြောင်မြို့နယ် ဇေယျာရတနာ ငွေစုငွေချေးအသင်းခွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ မြောင်မြို့နယ် ဇေယျာရတနာ ငွေစုငွေချေးအသင်းခွဲအတွက် လုပ်ငန်းစတင်ရန် မတည်ငွေကျပ်သိန်း ၁၀၀ ကို မြောင်မြို့နယ်အသင်း ဒုတိယဥက္ကဋ္ဌ ဦးမြင့်ကြည်ထံ ပေးအပ်ကာ အသင်းခွဲက တောင်သူလယ်သမား၊ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်း၊ အိမ်ဆိုင်/စတိုးဆိုင်၊ အခြေခံလူတန်းစား၊ မွေးမြူရေးလုပ်ငန်းတို့အတွက် ငွေထုတ်ချေးခြင်းလုပ်ငန်းများ စနစ်တကျ ဆောင်ရွက်ပေးနေမှုတို့ကို လိုက်လံကြည့်ရှုအားပေးခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မြောင်မြို့နယ် အင်ဂျင်နီယာရုံးသို့ ရောက်ရှိပြီး မြို့နယ်အင်ဂျင်နီယာ ဒေါ်နွယ်နွယ်ဌေး၏ လမ်း-တံတား လုပ်ငန်းဆောင်ရွက်နေမှု၊ စက်ယာဉ်ယန္တရားရရှိမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များ ရှင်းလင်းတင်ပြမှုအပေါ် ဝန်ထမ်းများကို ဖွဲ့စည်းပုံအတိုင်း ခန့်ထားတာဝန်ပေးအပ်ရန်၊ လုပ်ငန်းအောင်မြင်အောင် ကြိုးကြိုးစားစားလုပ်ကိုင်ရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

စက်ရေတွင်းတူးဖော်

ဩဂုတ် ၂ ရက်က ပြည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ကျေးလက်သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် ညောင်ဝန်းကျေးရွာတွင် နှစ်လက်မစက်ရေတွင်း တူးဖော်ခြင်းလုပ်ငန်းကို အမှုဆောင်အရာရှိ ဦးမြတ်စိုးနှင့် အင်ဂျင်နီယာမှူး ဦးအာကာမြတ်သူတို့ ကြီးကြပ်စဉ်။ (မြို့နယ်စည်ပင်)

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် မြင်းမူမြို့ ပညာဗိမာန်ကျောင်းဆောင်သစ်ဖွင့်ပွဲ တက်ရောက်

နေပြည်တော် ဩဂုတ် ၁၅

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးသည် ဩဂုတ် ၁၂ ရက် နံနက်ပိုင်းက မြင်းမူမြို့ တွဲဖက်အခြေခံပညာ အထက်တန်းကျောင်း ပညာဗိမာန် နှစ်ထပ်ကျောင်းဆောင်သစ်ဖွင့်ပွဲအခမ်းအနားသို့တက်ရောက်ရာ တိုင်းဒေသကြီး သစ်တော၊ သတ္တုနှင့် စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဦးသန်းထိုက်၊ တိုင်းဒေသကြီးပညာရေးမှူး ဦးမြင့်စိုးနှင့် အလှူရှင် ဦးအောင်စိုးလွင်တို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ကျောင်းဆောင်သစ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး ကျောင်းဆောင်သစ်နှင့် သင်ကြားမှု၊ သင်ယူမှု အထောက်အကူပြုခန်းများကို ကြည့်ရှုစစ်ဆေးခဲ့သည်။ **(ဓာတ်ပုံ)**

ယင်းနောက် ကျောင်းဆောင်သစ်လွှဲပြောင်းပေးအပ်ပွဲကို ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး အလှူရှင်က ကျောင်းဆောင်သစ် လှူဒါန်းခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

လွှဲပြောင်းပေးအပ်

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ကျောင်းသား ကျောင်းသူများအတွက် ကျောင်းသုံးဗလာစာအုပ်များကို ထောက်ပံ့ပေးအပ်ပြီး အလှူရှင်ဦးအောင်စိုးလွင်က ကျောင်းဆောင်သစ်နှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို တာဝန်ရှိသူများထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြောင်မြို့နယ် ကျောက်နဂါးတောင် စိမ်းလန်းစိုပြည်မှုနှင့် ကျောက်နဂါးရေလှောင်တမံ ရေဝင်ရောက်မှုနှင့် ရွှေပန်းကျွန်းကျေးရွာ မူလတန်းကျောင်းဆောင်သစ်ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးကာ ကျေးရွာပြည်သူများနှင့် တွေ့ဆုံခဲ့သည်။

ယင်းနောက် ချောင်းဦးမြို့နယ် သုံးပန်လှ လျှပ်စစ်မြစ်ရေတင်လုပ်ငန်း၌ မြစ်ရေတင်မှုနှင့် ရေပေးဝေမှု၊ မုံရွာမြို့ ချင်းတွင်းမြစ် ရေအခြေအနေနှင့် အိုးဘိုတောင်(၁၀) ပေါက်တွဲ ရေတံခါးတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သက်ကြီးရွယ်အိုများ ကျန်းမာရေးစောင့်ရှောက်မှု ပုသိမ်မြို့၌ ဆွေးနွေးပွဲကျင်းပ

ပုသိမ် ဩဂုတ် ၁၅

သက်ကြီးရွယ်အိုများ ကျန်းမာရေး စောင့်ရှောက်မှုဆိုင်ရာ အသိပညာပေး ဆွေးနွေးပွဲကို ဩဂုတ် ၄ ရက်က ဧရာဝတီ တိုင်းဒေသကြီး ပုသိမ်မြို့ မြန်မာနိုင်ငံ ဆရာဝန်များအသင်းခန်းမ၌ ကျင်းပရာ အဆိုပါဆွေးနွေးပွဲတွင် ဧရာဝတီတိုင်း ဒေသကြီး အစိုးရအဖွဲ့ လူမှုရေးဝန်ကြီး ဦးစန်းမောင်တက်ရောက်၍ အမှာစကား ပြောကြားသည်။

ဆွေးနွေးပြောကြား

ထို့နောက် လူမှုဝန်ထမ်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ထွန်းခိုင်က မြန်မာနိုင်ငံသက်ကြီးရွယ်အို စောင့်ရှောက်မှုအကြောင်း သိကောင်း စရာများကို ရှင်းလင်းပြောကြားပြီး ကျန်းမာရေးဦးစီးဌာန သက်ကြီးရွယ်အို ကျန်းမာရေးစောင့်ရှောက်မှု စီမံချက် မန်နေဂျာ ပါမောက္ခသမားတော်ကြီး ဒေါက်တာမြင့်ဟန်က သက်ကြီးရွယ်အို ကျန်းမာရေးစောင့်ရှောက်မှုအကြောင်း သိကောင်းစရာများကို ဆွေးနွေးပြောကြား ခဲ့ကြောင်း သိရှိရသည်။ **(အောက်ပုံ)**

(ခရိုင် ပြန်/ဆက်)

ညောင်တုန်း၌ မြေယာရှုခင်းအလှပြုပြင်

ညောင်တုန်း ဩဂုတ် ၁၅

ဧရာဝတီတိုင်းဒေသကြီးအဝင် ဆိုင်းဘုတ် ပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေးနှင့်မြေယာရှုခင်းများအား ညောင်တုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ ဆောင်ရွက်လျက်ရှိရာ အမှုဆောင်အရာရှိ ဦးညွန့်ဝင်း ကွင်းဆင်းကြီးကြပ်ခဲ့ကြောင်း သိရှိရသည်။

(မြို့နယ်စည်ပင်)

ဝက်လက် မြို့နယ်အသင်း(ရန်ကုန်) ပညာရည်ချွန်ဆုချီးမြှင့်ပွဲ ကျင်းပမည်

ဝက်လက် ဩဂုတ် ၁၅

ဝက်လက်မြို့နယ်အသင်း(ရန်ကုန်)၏ (၅)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို ဩဂုတ်၂၇ ရက်(စနေနေ့) နံနက် ၉ နာရီခွဲတွင် တောင်ဥက္ကလာပမြို့နယ် အောင်မြေရတနာပရိယတ္တိစာသင်တိုက်၌ ကျင်းပမည်ဖြစ်ရာ ဝက်လက်မြို့နယ်သူမြို့နယ်သားများ တက်ရောက်ကြရန်နှင့် လှူဖွယ်ပစ္စည်းများကို ဥက္ကဋ္ဌရဲမှူးကြီးအေးကို(ငြိမ်း) ဖုန်း-၀၁-၅၀၂၄၄၄၊ ဒုတိယ ဥက္ကဋ္ဌ(၁)ဦးသန်းဌေး ဖုန်း-၀၁-၆၄၀၅၆၈၊ ဒုတိယဥက္ကဋ္ဌ(၂) ဦးတင်မောင်ဝင်း ဖုန်း-၀၉-၇၃၀၉၆၁၀၅၊ အတွင်းရေးမှူး ဦးကျော်ဇော ဖုန်း-၀၉-၇၃၁၆၃၆၆၄နှင့် ဘဏ္ဍာရေးမှူး ဒေါ်ခင်ဌေးမြင့် ဖုန်း-၀၁-၅၁၀၇၃၈ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေး ကျုံပျော်၌ ညှိနှိုင်းစည်းဝေး

ကျုံပျော် ဩဂုတ် ၁၅

ကျုံပျော်မြို့နယ်၏ ၂၀၁၁-၂၀၁၂ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၄ ရက် မွန်းလွဲ ၂ နာရီက အထကကျုံပျော် အောင်ဆန်းခန်းမ၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းစိန်က အမှာစကားပြောကြားခဲ့ကြောင်းနှင့် **(ယာပုံ)** အခမ်းအနားသို့ ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးသန်းထွန်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အထက်တန်းကျောင်းများမှ ကျောင်းအုပ်ကြီးများနှင့် ဘာသာရပ်သင် ဆရာ ဆရာမများ တက်ရောက်ခဲ့ကြကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

မူးယစ်ဆေးဝါးအန္တရာယ် တာမွေ၌ ဟောပြော

ရန်ကုန် ဩဂုတ် ၁၅

ရန်ကုန်အရှေ့ပိုင်းခရိုင် တာမွေမြို့နယ် မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းနှင့် မြို့နယ်ပညာရေးဌာနတို့ ပူးပေါင်းဆောင်ရွက်သော မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဟောပြောပွဲနှင့် လက်ထိုးရုပ် ပြသပွဲကို ဩဂုတ် ၉ ရက် နံနက် ၉ နာရီက တာမွေအမက(၂) ၌ ကျင်းပသည်။

ရှင်းလင်းဟောပြော

အစီအစဉ်အရ မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း(ဗဟို) တွဲဖက်အတွင်းရေးမှူး နိုင်ငံတကာဆက်ဆံရေးမှူး ဦးသာထွန်း**(အောက်ပုံ)**၊ ရန်ကုန်တိုင်းမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းအတွင်းရေးမှူး ဦးထွန်းအောင်၊ တာမွေမြို့နယ် မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းဥက္ကဋ္ဌ ဦးလှဝင်း၊ ကျောင်းအုပ်ဆရာကြီး ဦးမြင့်ဦးတို့က မူးယစ်ဆေးဝါးအန္တရာယ်အကြောင်း ရှင်းလင်းဟောပြောပြီး မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး လက်ထိုးရုပ်ပြသမှုကို ပြသခဲ့ကြသည်။ အဆိုပါဟောပြောပြသပွဲကို ဩဂုတ် ၃၁ ရက်အထိ မြို့နယ်အတွင်းရှိ အခြေခံပညာမူလတန်းကျောင်းပေါင်း ၂၉ ကျောင်းတို့တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။

(ဝ၄၄)

သဘာဝရေပြင် ရွှေကျင်ချောင်းအတွင်း ငါးမျိုးစိုက်ထည့်

ရွှေကျင် ဩဂုတ် ၁၅

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ် ငါးထုတ်လုပ်မှု တိုးတက်မြင့်မားရေးနှင့် ငါးသယံဇာတထိန်းသိမ်းရေးအတွက် သဘာဝရေပြင် ရွှေကျင်ချောင်းအတွင်း ငါးမျိုးစိုက်ထည့်ပွဲကို ဇူလိုင် ၂၇ ရက် နံနက် ၈ နာရီက ပျဉ်းမပင်ရပ်ကွက်အနီးရှိ ရွှေကျင်ချောင်းအတွင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ရွှေကျင်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ထွန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဦး၊ မြို့နယ်ငါးလုပ်ငန်းဦးစီးမှူး ဦးကျော်တိုးနှင့်အတူ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများက ရွှေကျင်ချောင်းအတွင်း ငါးခုံးမကောင်ရေ ငါးသိန်းကျော် စိုက်ထည့်ခဲ့ကြကြောင်း သိရှိရသည်။

(ဝဲပုံ) **(မြို့နယ် ပြန်/ဆက်)**

ကျေးရွာသုံးထင်းစိုက်ခင်းမှ ထင်းများ ကျောက်ဆည်၌ ဖြန့်ဝေပေး

ကျောက်ဆည် ဩဂုတ် ၁၅

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာနမှ ကျေးရွာသုံးထင်း ၂/၂၀၀၅ ဧက ၁၀၀ နှင့် ၃/၂၀၀၅ဧက ၅၀ အတွင်းမှ ကျေးရွာသုံး ထင်းများ ပေးဝေခြင်းအခမ်းအနားကို ဇူလိုင် ၂၇ ရက် နံနက် ၉ နာရီက ရေသရောက်ချောင်းဆုံကျေးရွာ ထင်းစိုက်ခင်း၌ ကျင်းပရာ သစ်တောရေးရာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်သိန်းထွန်း၊ နယ်မြေခံတောအုပ်ကြီး ဦးဇော်မင်းနှင့် ကျေးရွာသူ ကျေးရွာသားများ တက်ရောက်ကြသည်။

ရှင်းလင်းပြောကြား

အခမ်းအနားတွင် သစ်တောရေးရာ ဦးစီးဌာန ဖျောက်ဆိပ်ပင်နယ်မြေ ဘီနယ် တာဝန်ခံ တောအုပ် ဦးစိန်ဝင်းက ထင်းစနစ်တကျ ခုတ်ယူသုံးစွဲရန်၊ ပြန်လည်စိုက်ပျိုးရန်နှင့် သစ်တောဥပဒေ၊ နည်းဥပဒေများကို ရှင်းလင်းပြောကြားပြီး ဆက်လက်၍ သစ်တောရေးရာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်သိန်းထွန်းနှင့် တာဝန်ရှိသူများက တစ်ပင်ကျော် တစ်ပင်ခုတ်စနစ်ဖြင့် အိမ်ထောင်စု ၁၃၀ အတွက် ထင်းကုဗတန် ၁၁၈ ဒသမ ၈ တန် ခွဲဝေပေးခဲ့ကြောင်း သိရှိရသည်။ **(အောက်ပုံ)(ဝ၄ဝ)**

ကျောင်းနှင့်ဝန်းကျင် သန့်ရှင်းရေးဆောင်ရွက်

နေပြည်တော် ဩဂုတ် ၁၅

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် ရက်သတ္တပတ် လှုပ်ရှားမှုအဖြစ် ဩဂုတ် ၁၂ ရက်က မန်ကျီးပင်အလကတွင် ကျန်းမာရေးဝန်ကြီးဌာနမှ ကျန်းမာရေးဆိုင်ရာများ ဟောပြောပို့ချခြင်း၊ တစ်ကိုယ်ရေသန့်ရှင်းရေး စစ်ဆေးခြင်း၊ ကျောင်းနှင့်ဝန်းကျင်သန့်ရှင်းရေး ဆောင်ရွက်ခြင်း၊ အလေးချိန်နှင့် အရပ်တိုင်းတာခြင်းတို့ကို ဆောင်ရွက်ခဲ့ကြကြောင်း သိရှိရသည်။

(ဝ၂၁)

ရေလဲလမ်းမကြီးပြုပြင်

မအူပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့တွင်းလမ်းများကောင်းမွန်ရေးအတွက် ဩဂုတ် ၅ ရက်က ရေလဲလမ်းမကြီးပြုပြင်နေမှုကို အမှုဆောင်အရာရှိ ဦးအောင်ကျော်စိုး ကွင်းဆင်းစစ်ဆေးရာ လုပ်ငန်းတာဝန်ခံ အင်ဂျင်နီယာ ဒေါ်တိုးတိုးအောင် ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးရေးလုပ်ငန်း

စနစ်သစ်နှင့်အညီ လွယ်ကူလျင်မြန်စွာ ဆောင်ရွက်ပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်

နေပြည်တော် ဩဂုတ် ၁၅

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီသည် ဩဂုတ် ၁၂ ရက် ညနေ ၃ နာရီတွင် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ် မောင်မယ်ရှောင်ကျေးရွာရှိ ရှင်ခါတ်ဝဲကျောင်းသစ်ဓမ္မာရုံ၌ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန ဝန်ထမ်းများနှင့် မြို့နယ်နိုင်ငံသား စိစစ်ရေးကတ်ပြား ထုတ်ပေးရေး လုပ်ငန်းစိစစ်ကြီးကြပ်ရေး အဖွဲ့ဝင်များက ဖြေလျှော့ဆောင်ရွက်ပေးသည့် စနစ်သစ်နှင့်အညီ ဒေသခံပြည်သူများအား အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးရေးလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးသည်။

ဖြည့်ဆည်းဆောင်ရွက်

ထို့နောက် ပြည်ထောင်စုဝန်ကြီးက အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသား စိစစ်ရေးကတ်ပြားများ လွယ်ကူလျင်မြန်စွာ ဆောင်ရွက်ပေးနိုင်ရေးအတွက် မိမိတို့ဌာနမှ ဖြေလျှော့ဆောင်ရွက်ပေးမှု အခြေအနေများကို ရှင်းလင်းပြောကြားပြီး **(အပေါ်ပုံ)** လုပ်ငန်းဆိုင်ရာ အခက်အခဲများကို မေးမြန်းဆွေးနွေးကာ လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ရှင်းလင်းမှာကြား

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် တနင်္သာရီတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးဌာနမှူးရုံးခန်းမ၌ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်ဦးစီးဌာနမှူးရုံးများမှ ဝန်ထမ်းများအား တွေ့ဆုံကာ နိုင်ငံတော်အစိုးရသစ်၏ မူဝါဒများနှင့်စပ်လျဉ်း၍ သိသင့်သိထိုက်သည်များကို ရှင်းလင်းပြောကြားပြီး ပြည်သူ့ဆန္ဒကို အလေးထားဖြည့်ဆည်းပေးနိုင်ရေးအတွက် အမြဲအသင့်ရှိနေကြရန်၊ လုပ်ငန်းများ ထိရောက်အောင်မြင်ရေးအတွက် ဝန်ထမ်းများအနေဖြင့် လုပ်ငန်းစွမ်းရည်ပြည့်ဝပြီး မျိုးချစ်စိတ်ဓာတ်အရင်းခံ၍ ယုံကြည်ချက်၊ ခံယူချက်ရှိရှိဖြင့် ကြိုးပမ်းဆောင်ရွက်သွားကြရန်တို့ကို ရှင်းလင်းမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေး MYANMAR Corbonix စက်ရုံ၌ အမှတ်(၁) ရေနံချက်စက်ရုံ (သန်လျင်) ရေနွေးငွေ့သုံးဓာတ်အားပေးစက်ရုံ၏ ဘွိုင်လာမှထွက်ရှိလာသော စွန့်ပစ်ပစ္စည်းများဖြင့် ကာဗွန်ဒိုင်အောက်ဆိုက်နှင့် ရေခဲခြောက်များ ပြန်လည်ထုတ်ယူနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

● *ကျောဖုံးမှ*

အဆိုပါ စက်ရုံ၏ ကုန်ထုတ်လုပ်ငန်းများကို စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးသည် ဩဂုတ် ၁၄ ရက် နံနက်ပိုင်းတွင် စက်ရုံတည်ရှိရာ ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့ရှိ ရေနံချက်စက်ရုံဝင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ ရိပ်သာရှင်းလင်းဆောင်၌ စက်ရုံ၏ အုပ်ချုပ်မှုဒါရိုက်တာက ရင်းနှီးမြှုပ်နှံမှု၊ ကုန်ချောထုတ်လုပ်မှုနှင့် ဈေးကွက်အတွင်းဖြန့်ဖြူးနိုင်မှု၊ အမြတ်ငွေရရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိန်ဝင်းက လိုအပ်ချက်များကို ဖြည့်စွက်တင်ပြရာ ပြည်ထောင်စုဝန်ကြီးက စက်ရုံအနေဖြင့် ကုန်ချောထုတ်လုပ်နိုင်သည့် စွမ်းရည်အပြည့်အဝရှိရာ ကုန်ချောဖြန့်ဖြူးရောင်းချခြင်းနှင့် ဈေးကွက်ရှာဖွေတိုးချဲ့ခြင်းလုပ်ငန်းများကို တိုးမြှင့်လုပ်ကိုင်နိုင်ပါက ဝင်ငွေပိုမို တိုးတက်ရရှိလာမည်ဖြစ်သောကြောင့် တာဝန်ယူဆောင်ရွက်နေသည့် ဝန်ထမ်းများအနေဖြင့် စီးပွားရေး အမြင်ကျယ်ကျယ်ဖြင့် ဆောင်ရွက်ရန် ဆွေးနွေးမှာကြားပြီး စက်ရုံတွင်း လိုက်လံကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် အမှတ်(၁)ရေနံချက် စက်ရုံဝင်းအတွင်းရှိ WPP အိတ်ခွံရက်လုပ်သည့် စက်ရုံသို့သွားရောက်စစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

မွန်းလွဲပိုင်းတွင် ရေနံချက်စက်ရုံ ရိပ်သာရှင်းလင်းဆောင်၌ ရေနံဓာတ်ငွေ့ရည် (LPG) တင်သွင်းဖြန့်ဖြူးခွင့် ရရှိထားသော လုပ်ငန်းရှင်များအား တွေ့ဆုံရာ ရှေးဦးစွာ ကုမ္ပဏီ တာဝန်ရှိသူများက ရေနံဓာတ်ငွေ့ရည် (LPG) တင်သွင်းရောက်ရှိမှု၊ ဖြန့်ဖြူးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက ရေနံဓာတ်ငွေ့ရည်ကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်နှင့် လွယ်ကူစွာ သုံးစွဲနိုင်ရေးအတွက် ပုဂ္ဂလိကကုမ္ပဏီများကို စတင် တင်သွင်းဖြန့်ဖြူးခွင့် ပေးနေပြီဖြစ်ကြောင်း၊ ကုမ္ပဏီများက မှာယူတင်သွင်းလာသော ရေနံဓာတ်ငွေ့ရည် တန် ၁၂၀၀ သည် ဇူလိုင်လအတွင်းရောက်ရှိခဲ့သဖြင့် စွမ်းအင်ဝန်ကြီးဌာနက ယာယီလက်ခံ၍ သိုလှောင်ပေးထားကြောင်း၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့များမှ အစပြုကာ တစ်နိုင်ငံလုံးသို့ တိုးချဲ့ဖြန့်ဖြူးရေး လုပ်ငန်းများ အမြန်ဆောင်ရွက်သွားရန် လိုအပ်ကြောင်းဖြင့် ဆွေးနွေးမှာကြားပြီး Universal Energy ကုမ္ပဏီနှင့် Green Luck Trading ကုမ္ပဏီများ၏ ရေနံဓာတ်ငွေ့ရည် သိုလှောင် ဖြန့်ဖြူးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

✻ *ရှေ့ဖုံးမှ*

ဆွေးနွေးပို့ချမည့် အရာရှိများ၊ ဖိတ်ကြားထားသည့် ဧည့်သည်များနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

တင်သွင်း

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံသည် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံဖြစ်ပြီး ကုလသမဂ္ဂပဋိညာဉ်စာချုပ်ကို လက်မှတ်ရေးထိုးကာ လူ့အခွင့်အရေးကာကွယ်မြှင့်တင်ဆောင်ရွက်ရန် ပြဋ္ဌာန်းချက်အပေါ် လိုက်နာဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံသည် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနှင့် ပတ်သက်ပြီး ဂျီနီဗာကွန်ဗင်းရှင်းလေးခုကို(၂၈-၈-၁၉၉၂) ရက်တွင်လည်းကောင်း၊ အမျိုးသမီးများအား ခွဲခြားဖိနှိပ်မှု ပပျောက်ရေးစာချုပ် (Convention on the Elimination of all Forms of Discrimination Against Women) (CEDAW) ကို (၂၂-၇-၁၉၉၇) ရက်တွင် လည်းကောင်း၊ အပြည်ပြည်ဆိုင်ရာ ကလေးသူငယ်များ အခွင့်အရေးစာချုပ် (Convention on the Rights of the Child) (CROC) ကို (၁၄-၇-၁၉၉၁) ရက်တွင် လည်းကောင်း အတည်ပြု လက်မှတ်ရေးထိုးခဲ့ပြီး စာချုပ်ပါ အချက်အလက်များကို အကောင်အထည်ဖော်နိုင်မှုနှင့် ပတ်သက်၍ သက်ဆိုင်ရာ အစီရင်ခံစာများကိုလည်း သတ်မှတ်ထားသည့် ကာလအလိုက် တင်သွင်းခဲ့ကြောင်း။

မြန်မာနိုင်ငံတွင် လူ့အခွင့်အရေးကော်မတီကို (၂၆-၄-၂၀၀၀)ရက်တွင် စတင်ဖွဲ့စည်းခဲ့ပြီး နိုင်ငံတော်အကြီးအကဲများ၏ လမ်းညွှန်ချက်အရ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ (၁၄-၁၁-၂၀၀၇) နေ့စွဲပါ အမိန့်ကြော်ငြာစာ (၅၃/၂၀၀၇)ဖြင့် မြန်မာနိုင်ငံ လူ့အခွင့်အရေးအဖွဲ့ကို နာယက လေးဦး၊ အဖွဲ့ဝင် (၂၁)ဦးတို့ဖြင့် ပြန်လည်ဖွဲ့စည်းခဲ့ကြောင်း၊ လုပ်ငန်းများအောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် လုပ်ငန်းအဖွဲ့ ကိုးခုကို ဖွဲ့စည်းပြီး လုပ်ငန်းတာဝန်များ ခွဲဝေဆောင်ရွက်လျက်ရှိကြောင်း၊ ယနေ့သင်တန်းတွင် ဌာနဆိုင်ရာ နိုင်ငံ့ဝန်ထမ်းများအပြင် အစိုးရမဟုတ်သော အဖွဲ့အစည်းများ၌ လက်တွေ့ဆောင်ရွက်နေသူများကိုပါ လူ့အခွင့်အရေးနှင့် ပတ်သက်သည့် ဗဟုသုတများ ရရှိစေရန် ပါဝင်တက်ရောက်စေခဲ့သဖြင့် နယ်ပယ်စုံမှ မြန်မာနိုင်ငံ လူ့အခွင့်အရေးဆိုင်ရာ ကိစ္စရပ်များကို အပြန်အလှန်အမြင်ချင်းဖလှယ် ဆွေးနွေးခွင့် ရရှိကြလိမ့်မည်ဟု မျှော်လင့်ကြောင်း၊ လူ့အခွင့်အရေးဆိုင်ရာ အတွေ့အကြုံဗဟုသုတများကို တိုးပွားစေပြီး လွတ်လပ်မှုနှင့် တာဝန်သိမှု၊ လွတ်လပ်မှုနှင့် စည်းကမ်းရှိမှုများကို မှန်ကန်စွာကျင့်သုံးနိုင်ခြင်းဖြင့် မြန်မာ့လူ့ဘောင်အဖွဲ့အစည်းကို ဒီမိုကရေစီကျင့်စဉ်များ ထွန်းကားသည့် အဖွဲ့အစည်းအဖြစ် ဖော်ဆောင်လာနိုင်မည် ဖြစ်ကြောင်း။

မှာကြား

ထို့ကြောင့် ယခုဖွင့်လှစ်သည့် သင်တန်းမှ ဆွေးနွေးသိရှိမှုများကို လက်တွေ့နယ်ပယ်အထိ ယူဆောင်သွားပြီး ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ မြန်မာ့ယဉ်ကျေးမှု ဓလေ့ထုံးစံများနှင့်အညီ နိုင်ငံတကာစံများနှင့် မသွေဖည်စေဘဲ ကျင့်သုံးဆောင်ရွက်သွားကြရန် လိုအပ်ကြောင်းဖြင့် မှာကြားသည်။

ယနေ့ဖွင့်လှစ်သည့် မြန်မာနိုင်ငံ လူ့အခွင့်အရေးတိုးမြှင့်ရေးနှင့် ကာကွယ်ရေးဆိုင်ရာ သင်တန်း(၂၀၁၁)သို့ သင်တန်းသား သင်တန်းသူ ၁၀၀ တက်ရောက်ပြီး သင်တန်းကာလမှာ ရက်သတ္တနှစ်ပတ်ခန့် ကြာမြင့်မည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ပညာရေးကဏ္ဍကို နိုင်ငံတကာအဆင့်မီ မြင့်မားလာအောင် ဖော်ဆောင်

လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး အလေးထားဆောင်ရွက်

နေပြည်တော် ဩဂုတ် ၁၅

အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ် (၇၆) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး)၌ ကျင်းပရာ ပြည်ထောင်စုရာထူးဝန် အဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူ တက်ရောက်အမှာစကား ပြောကြားသည်။ **(အောက်ပုံ)**

အခမ်းအနားသို့ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကြူ၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဒေါက်တာ ကျော်ကျော်ဌေး၊ အခြေခံပညာဆရာ ဆရာမ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၁၅၀၁ ဦး တက်ရောက်ကြသည်။

ပြည်ထောင်စု ရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားရာ၌ ပညာရေးကဏ္ဍကို နိုင်ငံတကာ အဆင့်မီမြင့်မားလာအောင် တိုးတက်မြှင့်တင် ဆောင်ရွက်ပေးသွားမည်ဖြစ်သကဲ့သို့ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်လာရေးကိုလည်း အလေးထား အားပေးဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ လက်ရှိကျင့်သုံးနေသည့် အခမဲ့မသင်မနေရ မူလတန်းပညာရေးစနစ်ကို ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်သကဲ့သို့ တက္ကသိုလ်၊ ကောလိပ်နှင့် အခြေခံပညာကျောင်းများ၏ အရည်အသွေးမြှင့်တင်ရေး၊ အထောက်အကူပစ္စည်းများ ပိုမိုအသုံးပြုနိုင်ရေး၊ ပညာရေးဝန်ထမ်းများ၏ အရည်အချင်းမြင့်မားရေးနှင့် ၎င်းတို့၏လူမှုစီးပွားဘဝမြှင့်တင်နိုင်ရေး၊ အလယ်တန်းနှင့် အထက်တန်းကျောင်းများသို့ တက်ရောက်မှုနှုန်း မြင့်မားလာရေးတို့ကို ဆက်လက်ဆောင်ရွက်ရင်း နိုင်ငံတကာအဆင့်မီ ပညာရေးအဆင့်အတန်းကို တက်လှမ်းနိုင်အောင် ကြိုးပမ်းသွားကြရမည်ဖြစ်ကြောင်း၊ ဆရာ ဆရာမများ အနေဖြင့် သင်တန်းမှ ပို့ချချက်များ၊ လက်တွေ့လေ့ကျင့်မှုများကို ကြိုးစားလိုက်နာသင်ယူသွားရမည် ဖြစ်သည့်အပြင် သင်တန်း၏ စည်းမျဉ်း စည်းကမ်းများကိုလည်း တိတိကျကျ လိုက်နာစောင့်ထိန်းသွားကြရမည် ဖြစ်ကြောင်း၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီး တည်ဆောက်ရာတွင် နိုင်ငံတော်က တည်ဆောက် ပေးထားသည့် အခြေခံကောင်းများကို အခြေခံပြီး နိုင်ငံတော်၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန် အသိပညာရှင်၊ အတတ်ပညာရှင်များ မွေးထုတ်ပေးရာ၌ အခြေခံပညာကဏ္ဍကနေ ကြိုးပမ်းသွားကြရမည် ဖြစ်ကြောင်း မှာကြားသည်။

(သတင်းစဉ်)

နေပြည်တော် အထူးအထွက်တိုးစံပြစိုက်ခင်းလယ်ယာခွင်မှသည် ပြည်မြန်မာ၏ လယ်ယာတစ်ခွင်ဆီသို့ အပိုင်း (၃)

➤ သတင်းဆောင်းပါး - မောင်မောင်စေ့ (သတင်းစဉ်) ➤ ဓာတ်ပုံ - ဇော်မင်းလတ် (သတင်းစဉ်)

နေပြည်တော် ဩဂုတ် ၁၅

နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်ရှိ အထူးအထွက်တိုးစံပြစိုက်ခင်းမှ အောင်မြင်ဖြစ်ထွန်းသော အထူးအထွက်တိုး စပါးခင်းကြီးများကို ကြည့်ရင်း ကျွန်တော်၏စိတ်သည် ပြည်မြန်မာ၏လယ်ယာတစ်ခွင်၌လည်း အထူးအထွက်တိုး စံပြပေါင်းစည်းလယ်ယာများ၊ ခေတ်မီလယ်ယာများဖြင့် ယခုကဲ့သို့ အနံ့ပြည့်ဝစွာ စိမ်းမြရွှန်းမှည့်ဝင်းလဲ့နေမည့် စပါးခင်းကြီးများကို တွေးတောမြင်ယောင်မိပါသည်။

စိုက်ခင်းတွင် ရေအာဟာရဓာတ် မပြတ်ပေးဆောင်ရွက်ထားစဉ်။

ထို့ကြောင့် ခေတ်မီသိပ္ပံနည်းကျ စိုက်နည်းစနစ် (၁၄)ချက် စကားဝိုင်းကို အားတက်သရော ပြန်လည်စတင်မိပါသည်။

မေး ။ ။ သိပ္ပံနည်းကျ စိုက်နည်း (၁၄) ချက်နဲ့ပတ်သက်ပြီး ဆက်ပါဦးခင်ဗျာ။

ဖြေ ။ ။ နံပါတ် (၁၀)က စိုက်ခင်းအတွင်း ရေအာဟာရဓာတ်မပြတ်ပေးရပါမယ်။ စိုက်ခင်းအတွင်းမှာ အစိုဓာတ်အမြဲရှိနေစေဖို့ အရေးကြီးပါတယ်။ စပါးပင်ကောက်စိုက်ပြီးတာနဲ့ ရေစပ်စပ်သွင်းပေးပြီး နောက်ရက်တွေမှာ စိုက်ခင်းထဲ ရေရှိနေရမှာဖြစ်ပါတယ်။ မှို့ကပ်ချိန်ကနေ ပန်းပွင့်ချိန်ထိ ရေ လေးလက်မထိထားပြီး ပေါင်းပင်နဲ့ မလိုလားအပ်တဲ့ ပင်ပွားတွေထွက်ရှိမှုကို ကာကွယ်စေပါတယ်။ စိုက်ခင်းထဲမှာရှိတဲ့ ရေခန်းခြောက်တဲ့အဆင့်ထိ မရောက်ခင်မှာ ရေကိုပြန်သွင်းပေးရမှာ ဖြစ်ပါတယ်။ စိုက်ခင်းထဲမှာ ရေမခန်းခြောက်စေရေး၊ အစိုဓာတ်မပြတ်ရေးဟာလည်း အရေးကြီးလှပါတယ်။ စိုက်ခင်းအစိုဓာတ်မြဲစေဖို့ စိုက်ခင်းရဲ့ မြေမျက်နှာပြင်တွေဟာ ညီညာဖို့လိုအပ်ပါတယ်။ ဒါကြောင့် မိမိတို့ရဲ့ စိုက်ခင်းမျက်နှာပြင်တွေ

ရင့်မှည့်ချိန် လူ၊ စက်ဝင်နိုင်အောင် အောင်ရေထုတ်ဆောင်ရွက်ရမည်။

ညီညာအောင်လုပ်ဖို့ လိုအပ်ပါတယ်။ ဒါ့အပြင် သွင်းထားတဲ့ရေ မစိမ့်ထွက်စေရေးအတွက် လယ်ကန်သင်းတွေကို လုံအောင်လုပ်ဖို့လိုတယ်။ ဒါမှသာ စိုက်ခင်းရဲ့အစိုဓာတ်မြဲပြီး ကျွေးလိုက်တဲ့ ဓာတ်မြေဩဇာ၊ သဘာဝမြေဩဇာ အလေအလွင့်မဖြစ်ဘဲ စပါးပင်တွေ မျှမျှတတ စားသုံးနိုင်တဲ့အတွက်ကြောင့် အောင်နှံ့ အောင်စေ့တွေ များလာပြီး အထွက်နှုန်းတိုးတက်စေမှာ ဖြစ်ပါတယ်။

အချိုးကျသုံး

နံပါတ် (၁၁)က သွင်းအားစုကို အချိုးကျသုံးရပါမယ်။ တစ်ဧကစပါးတင်း ၁၀၀ အထက် ထွက်စေဖို့ ကွန်ပေါင်းဓာတ်မြေဩဇာ တစ်အိတ်၊ ယူရီးယားအိတ်ဝက်တို့ကို သဘာဝမြေဩဇာနဲ့ ရောစပ်အသုံးပြုရမှာဖြစ်ပါတယ်။ စိုက်ခင်းမြေခံကို ကွန်ပေါင်း တစ်အိတ် နောက်ဆုံးမြေပြင်ချိန်မှာ ထည့်ပေးရမှာဖြစ်ပါတယ်။ ပုလဲဓာတ်မြေဩဇာ အိတ်တစ်ဝက်လိုပြီး ပင်ပွားစည်းချိန်မှာ လေးပုံတစ်ပုံအိတ်နဲ့ နွားချေးမှုန့်သုံးအိတ်နဲ့ တစ်ညနှပ်ပြီး ညီညီညာညာ ကြဲပက်ပေးဖို့လိုအပ်တယ်။ ကျန်တဲ့ လေးပုံတစ်ပုံကိုတော့ စပါးဖုံးတုန်းလုံးတုန်းအချိန် (ပန်းပွင့်ခါနီး)မှာ အလားတူ နွားချေးမှုန့်သုံးအိတ်နဲ့ရောစပ်၍ တစ်ညနှပ်ပြီး ညီညီမျှမျှ ကြဲပက်ပေးရမှာဖြစ်ပါတယ်။

နံပါတ် (၁၂)က ပေါင်းမြက်ကို ရေနဲ့ကာကွယ်ရပါမယ်။ ပေါင်းမြက်ဟာ စပါးစိုက်ခင်းရဲ့အဓိကရန်သူဖြစ်ပါတယ်။ ပေါင်းပင်တွေကို မနှိမ်နင်းနိုင်ပါက ရေနဲ့အာဟာရဓာတ်တွေကို ပေါင်းပင်က လုယူစားသုံးသွားမှာ ဖြစ်ပါတယ်။ စပါးရိတ်သိမ်းချိန်မှာလည်း ပေါင်းစေ့တွေဟာ စပါးနဲ့ရောပါသွားပြီး စပါးကြိတ်ခွဲရာတွင် ဆန်အရည်အသွေးကို ဆိုးရွားစွာ နိမ့်ကျစေပြီး ဈေးအနှိမ်ခံရမှာဖြစ်ပါတယ်။ စပါးခင်းကို မြေပြင်ချိန်မှာ ပေါင်းမြက်တွေ ပြောင်စင်အောင် ကောက်ယူရေး ဆောင်ရွက်ရမှာဖြစ်ပါတယ်။ စိုက်ပြီးနောက် ပေါင်းထပ်မထွက်လာအောင် ရေလွှမ်းထားပြီး ထပ်ထွက်လာတဲ့ပေါင်းတွေကို သတ်ပေးရမှာဖြစ်ပါတယ်။ ထို့အတူ လုံလောက်သည့် ပင်ပွား ၁၀ပင်မှ ၁၂ ပင်အထိ ရရှိပြီးချိန်မှာ အပိုပင်ပွားများ ထပ်မံမထွက်နိုင်အောင် ရေလွှမ်းတတ်သည့်စနစ်နဲ့ ဆောင်ရွက်ရမှာဖြစ်ပါတယ်။

အမှည့်ညီညာ

နံပါတ် (၁၃)က ရင့်မှည့်ချိန် လူ၊ စက် ဝင်နိုင်အောင် ရေထုတ်ရပါမယ်။ စပါးနှံတွေ ရင့်မှည့်စပြုချိန်မှာ အောင်ရေထုတ်ပေးဖို့ လိုအပ်ပါတယ်။ အောင်ရေကို ထုတ်ခြင်းကြောင့် စပါးနှံတွေအမှည့်ညီညာစေပြီး အောက်ခံမြေ မာလာတဲ့အတွက် လူနဲ့ကောက်ရိတ်စက်ကိရိယာများ အလွယ်တကူ ရိတ်သိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် အောင်ရေ ထုတ်ပေးခြင်းဟာလည်း အရေးကြီးလှပါတယ်။

မောင်းညိုချိန်

နံပါတ် (၁၄)က ရင့်မှည့်ချိန် အလေအလွင့်မရှိစေရေး သတိပြုရပါမယ်။ စပါးပင်တွေ မောင်းညိုချိန်မှာ ရိတ်သိမ်းနိုင်အောင် စီစဉ်ဆောင်ရွက်ဖို့လိုအပ်ပါတယ်။ မောင်းညိုချိန်ဆိုသည်မှာ မိမိစပါးစိုက်ခင်းရဲ့ ၈၀ ရာခိုင်နှုန်းသော စပါးနှံတွေ အဝါရောင်သန်းချိန်ဖြစ်ပါတယ်။ စပါးတွေကို ချက်ချင်း ရိတ်၊ ချက်ချင်းစက်ဖြင့် ခြွေလှေ့ရပါမယ်။ ရိတ်သိမ်းရာတွင် အလေအလွင့်နည်းအောင် ရိတ်သိမ်းခြွေလှေ့ သယ်ဆောင်ဖို့ လိုအပ်ပါတယ်။ မောင်းညိုချိန်ထက် ကျော်လွန်သွားပါက စပါးနှံ၏ထိပ်ဖျားပိုင်းရှိ စပါးစေ့များကြွေကျပြီး ဆုံးရှုံးမှုများ ဖြစ်ပေါ်စေမှာ ဖြစ်ပါတယ်။ ဒါကြောင့် ရိတ်သိမ်းချိန် အလေအလွင့်လျော့နည်းစေရန် မိမိစပါးခင်း၏ စိုက်ချိန်၊ ရိတ်သိမ်းချိန်ကို တွက်ချက်ပြီး အချိန်မီ လူအင်အား၊ စက်ယန္တရားရရှိအောင် စီစဉ်ဆောင်ရွက်ဖို့ လိုအပ်ပါတယ်။ မိုးရာသီမှာ ရိတ်သိမ်းရပါက အမြန်အခြောက်ခံနိုင်သော ဈေးသက်သာတဲ့အခြောက်ခံနည်းစနစ်တွေ ကြိုတင်စီစဉ်ဆောင်ရွက်ထားကြဖို့ လိုပါတယ်။

မေး ။ ။ ဒီလိုသိပ္ပံနည်းကျ စိုက်နည်းစနစ်ဖြင့် စိုက်ပျိုးခြင်းဖြင့် ရရှိလာမယ့် အကျိုးကျေးဇူးများကိုလည်း သိပါရစေ။

ဖြေ ။ ။ မျိုးစေ့အကုန်အကျ နည်းမယ်၊ ပင်ပွားများပြီး ကြီးထွားမှု အားကောင်းတဲ့ ပျိုးပင်တွေရရှိမယ်။ ညီညာတဲ့ အနှံပါ ပင်ပွားတွေရရှိမယ်။ တစ်နှံပါ အောင်စေ့များပြီး အလေအလွင့်နည်းတာကြောင့် တစ်ဧက မျှော်မှန်းအထွက်နှုန်းကို ရရှိမှာဖြစ်ပါတယ်။

မေး ။ ။ ဒီလိုနည်းစနစ်တွေနဲ့ စိုက်ပျိုးခြင်းအားဖြင့် တောင်သူလယ်သမားတွေ ဘယ်လိုအခွင့်အလမ်းတွေကို ရရှိနိုင်မလဲ။

ဖြေ ။ ။ ယခင်ကဆိုရင် တောင်သူတွေအနေနဲ့ တစ်ဧကမျိုးနှုန်းမှာ နှစ်တင်းအထိ အသုံးပြုခဲ့ရပါတယ်။ ဒီလို သိပ္ပံနည်းကျ ပေါင်စနစ်နဲ့ ပျိုးထောင်စိုက်ပျိုးတဲ့အခါ မျိုးစေ့နို့ဆီတစ်ဘူးမှာ အစေ့ ၇၀၀၀ ခန့် ပါဝင်တဲ့အတွက် မျိုးညှောင့်ဖောက်ပြီး မျိုးစေ့ ခြောက်ပြည်သာ အသုံးပြုဖို့လိုပါတယ်။ ကုန်ကျစရိတ်သက်သာပြီး အထွက်နှုန်းမြင့်မားတဲ့အတွက် တောင်သူများ ဝင်ငွေတိုးတက်ပြီး လူနေမှုအဆင့်အတန်း မြင့်မားလာမှာ ဖြစ်ပါတယ်။ သိပ္ပံနည်းကျ ပေါင်စနစ်နဲ့ ပျိုးထောင်စိုက်ပျိုးတဲ့အခါ ကျေးလက်နေတောင်သူတွေ အလုပ်အကိုင်အခွင့်အလမ်းများလည်း ရရှိလာမှာ ဖြစ်ပါတယ်။

မေး ။ ။ သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ်တွေကို တောင်သူလယ်သမားတွေ လက်တွေ့အသုံးချ စိုက်ပျိုးနိုင်ဖို့အတွက် ဘယ်လိုဖြန့်ဖြူးပေးသွားမလဲ။

ဖြေ ။ ။ စိုက်ပျိုးရေးတက္ကသိုလ်မှာ အထွက်တိုးစပ်မျိုးစပါး ထုတ်လုပ်နည်းပညာများ စာတွေ့လက်တွေ့ သင်ကြားပေးခြင်းများအပြင် လက်တွေ့အောင်မြင်ဖြစ်ထွန်းနေသော စိုက်ခင်းများကိုလည်း လက်တွေ့လေ့လာ ကြည့်ရှုစေခြင်းဖြင့် အသိပညာ ပိုမိုရရှိစေကာ တောင်သူများအား နည်းပညာများဖြန့်ဖြူးစေခြင်း၊ ဒါ့အပြင် စိုက်ပျိုးရေးဝန်ထမ်းများကလည်း တောင်သူများနဲ့ လက်တွဲပြီး နည်းပညာတွေကို လက်တွေ့ဆောင်ရွက်ဖြန့်ဖြူးပေးသွားမှာ ဖြစ်ပါတယ်။

ရင့်မှည့်ချိန် အလေအလွင့်မရှိစေရေး သတိပြု၍ လယ်ယာသုံးယန္တရားများဖြင့် ရိတ်သိမ်းဆောင်ရွက်နေစဉ်။

သွင်းအားစုအချိုးကျ ဆောင်ရွက်နေစဉ်။

မျိုးစေ့ထုတ်လုပ်

မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းအနေနဲ့ ဒေသရာသီဥတုနဲ့ကိုက်ညီပြီး အထွက်နှုန်းကောင်း၍ ဈေးကွက်လည်းရှိပြီး စားသုံးမှုကောင်းသည့် အထူးအထွက်တိုးစပ်မျိုးများကို ပြည်ပကျွမ်းကျင်ပညာရှင်များနဲ့ လေ့ကျင့်ထားသည့် ကျွမ်းကျင်ဝန်ထမ်းများ ပူးပေါင်း၍ မျိုးစေ့ထုတ်လုပ်လျက်ရှိပါတယ်။ ၎င်းမျိုးစေ့များကို တောင်သူများလက်ဝယ် အရောက်ဖြန့်ဖြူးပြီး နေပြည်တော်ကောင်စီနယ်မြေရှိ စံပြလယ်ယာမြေတွေမှာ စိုက်ပျိုးလျက်ရှိပါတယ်။

မျိုးထုတ်လုပ်မှုကို တိုးချဲ့ပြီး အထွက်နှုန်းကောင်းတဲ့မျိုးများ ပြန့်ပွားစေရန် မျိုးစေ့ထုတ်ကုမ္ပဏီများ တည်ထောင်ခြင်း၊ အထွက်ကောင်းသည့် မျိုးသန့်စပ်မျိုးများကို စိုက်ပျိုးခြင်းဖြင့် တင်ပို့လိုသည့် အရေအတွက် ထုတ်လုပ်နိုင်မှာဖြစ်တဲ့အပြင် ဈေးကွက်ကို ချဲ့ထွင်နိုင်မှာဖြစ်ပါတယ်။

စကားဝိုင်းပြီး၍ အထူးအထွက်တိုး စံပြစိုက်ခင်းမှအပြန်တွင် အနာဂတ် ပြည်မြန်မာ၏ လယ်ယာတစ်ခွင်လုံး၌ ခေတ်မီသိပ္ပံနည်းကျ စိုက်နည်းစနစ် (၁၄) ချက်ကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုလာသည်နှင့်အမျှ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် တစ်ဧကပန်းတိုင်အထွက်နှုန်း ပျမ်းမျှတင်း ၁၀၀ အထက် ထွက်ရှိလာမည့်အရေးကို မျှော်တွေးမိပါသည်။

ထိထိရောက်ရောက်အသုံးချ

အချုပ်အားဖြင့်ဆိုသော် "မြေရှိလျှင် အလုပ်ရှိရမည်၊ ရေရှိလျှင် အလုပ်ရှိရမည်" ဟူ၍ ခံယူပြီး လူသယံဇာတ၊ မြေသယံဇာတ၊ ရေသယံဇာတများကို ထိထိရောက်ရောက် အသုံးချကာ မြေတစ်လက်မ မထား၊ လူတစ်ရက်မျှ မနားဘဲ ကြိုးပမ်းဆောင်ရွက်ကြမည်ဆိုလျှင်ဖြင့် တစ်ချိန်က ပြည်ပနိုင်ငံများကို ဆန်စပါးအများဆုံး တင်ပို့ရောင်းချခဲ့ဖူးသော ရွှေရောင်တောက်ပသည့် ရွှေမြန်မာတွေ၏ ခေတ်ကို တစ်ကျော့ပြန်လည် တက်လှမ်းနိုင်တော့မှာ မလွဲဧကန်ဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။ ။

ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ရှုံးထွက်ပွဲစဉ်များကျင်းပ

နေပြည်တော် ဩဂုတ် ၁၅

၂၀၁၁ ခုနှစ် ပဉ္စမအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ တတိယအဆင့် ရှုံးထွက်ပွဲစဉ်ကို ယနေ့ညနေ ၃ နာရီခွဲတွင် အမှတ်(၂) နေပြည်တော် အားကစားကွင်း၌ ကျင်းပရာ (ကက)အုပ်စုမှ အုပ်စုပထမရရှိသော ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းက (ဂဂ)အုပ်စုမှ အုပ်စု ဒုတိယရရှိလာသော အားကစားဝန်ကြီးဌာနအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

ဩဂုတ် ၁၆ ရက်တွင် ကွာတားဖိုင်နယ် ဒုတိယပွဲစဉ်အဖြစ် (ခခ)အုပ်စု ပထမ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနအသင်းနှင့် (ဃဃ)အုပ်စု ဒုတိယ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း | ပြည်တွင်းအားကစား | ပြည်တွင်းအားကစား | ပြည်တွင်းအားကစား | ပြည်တွင်းအားကစား

ရန်ကုန် ဩဂုတ် ၁၅

မြန်မာဘော်လီဘော ထူးချွန်အားကစားသမားများ ပေါ်ထွက်လာရေးနှင့် အနာဂတ်ကာလနိုင်ငံတကာပြိုင်ပွဲများတွင် မြန်မာ့ဂုဏ်ကိုဆောင်နိုင်ကြမည့် မြန်မာ့အားကစား အောင်မြင်မှုများရရှိရေးအတွက် (၄၁)ကြိမ်မြောက် တိုင်းဒေသကြီးနှင့်ပြည်နယ် ဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့ နံနက် ၈ နာရီက ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပသည်။

(၄၁)ကြိမ်မြောက် တိုင်းဒေသကြီးနှင့် ပြည်နယ် ဘော်လီဘောပြိုင်ပွဲဖွင့်

❖ သတင်းမှတ်စုနှင့်ဓာတ်ပုံ - တင်စိုး (မြန်မာ့အလင်း) ❖

ရှေးဦးစွာ အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအုန်းမြင့်ဦးက အဖွင့်အမှာစကား ပြောကြားသည်။

ယှဉ်ပြိုင်

ဖွင့်ပွဲအပြီး ပထမနေ့ အမျိုးသားအမျိုးသမီးပွဲစဉ်များကို ကျင်းပရာ အမျိုးသားပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီး *(ယာပုံ)*၊ ***ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့ ယှဉ်ပြိုင်ကြသည်။***

အမျိုးသမီးပြိုင်ပွဲတွင် မကွေးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့ ယှဉ်ပြိုင်ကြသည်။

(မြန်မာ့အလင်း)

မြန်မာစီနီယာပီဂျီအေ လက်ရည်စစ်ပြိုင်ပွဲ (မန္တလေး)ပွဲစဉ် ကျင်းပပြီးစီး

ရန်ကုန် ဩဂုတ် ၁၅

မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်နှင့် မြန်မာစီနီယာပီဂျီအေတို့ ပူးပေါင်းကျင်းပသည့် မြန်မာစီနီယာပီဂျီအေပြိုင်ပွဲများအတွက် လက်ရည်စစ်ပြိုင်ပွဲ (မန္တလေး) ပွဲစဉ်ကို ဩဂုတ် ၁၀ ရက်မှ ၁၁ ရက်အထိ မန္တလေးမြို့ ရွှေမန်းတောင်ဂေါက်ကွင်း၌ ကျင်းပခဲ့ပြီး ၄၈ ဦး ပါဝင်ယှဉ်ပြိုင်ကြသည်။

အဆိုပါ လက်ရည်စစ်ပြိုင်ပွဲအပြီးတွင် ဦးအောင်ထွန်း၊ ဦးသန်းထွန်း၊ ဦးကြည်ဟန်၊ ဦးစိုးညွန့်၊ ဦးခင်မောင်ထွန်း၊ ဦးအောင်ဝင်း၊ ဦးဇော်ဆန်း၊ ဦးစိုင်းကျော်ထင်၊ ဦးညွန့်ဟန်၊ ဦးတူးလွှမ်း၊ ဦးမောင်မောင်တင့်၊ ဦးစိုင်းထွန်းနေဝင်း၊ ဦးမျိုးခန့်ကြူ၊ ဦးရဲလင်း၊ ဦးဝင်းမောင်၊ ဦးမောင်စိုး၊ ဦးဌေးအောင်နှင့် ဦးမိုးတင်တို့ လက်ရည်စစ်ပွဲအောင်ကြသည်။

လက်ရည်စစ်ပွဲအောင်မြင်သူများအား မြန်မာစီနီယာပီဂျီအေအဖွဲ့ဝင်များအဖြစ် အသိအမှတ်ပြုပြီး စီနီယာပီဂျီအေပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ခွင့်ရှိမည်ဖြစ်သည်။ ရန်ကုန်မြို့၌ ကျင်းပမည့် လက်ရည်စစ်ပြိုင်ပွဲကို ရာသီဥတုအခြေအနေကြောင့် ပြိုင်ပွဲကျင်းပမည့်ရက်ကို ထပ်မံကြေညာမည်ဖြစ်သည်။ ***(သတင်းစဉ်)***

နိုင်ငံသားစိစစ်ရေးကတ်ပြားများ အမြို့မြို့အနယ်နယ်တွင် ပေးအပ်

၁၅-၈-၂၀၁၁

မြစ်ကြီးနားမြို့နယ်၌ ပေးအပ်

ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်အတွင်းရှိ ရပ်ကွက်များတွင် နိုင်ငံသားစိစစ်ရေးကတ်ပြားများ မြန်ဆန်စွာထုတ်ပေးနိုင်ရန်အတွက် ကွင်းဆင်းဆောင်ရွက်ပြီးနောက် ကတ်ပြားများပေးအပ်ပွဲကို ဩဂုတ် ၈ ရက်က ဒူကတောင်ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပရာ ပြည်နယ်ဦးစီးဌာနမှူး ဦးကြည်လင်က နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီးနောက် ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးလွန်းခေါင်ထံသို့ နိုင်ငံသားစိစစ်ရေးကတ်ပြား ၂၇၅ ကတ်ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(အောက်ပုံ)** **(မြို့နယ်လဝက)**

ကွတ်ခိုင်မြို့နယ်၌ ပေးအပ်

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင် ကွတ်ခိုင်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ ဝန်ထမ်းများ မြို့နယ်အတွင်းရှိ စာသင်ကျောင်းများနှင့် ရပ်ကွက်၊ ကျေးရွာအုပ်စုများသို့ ကွင်းဆင်း၍ နိုင်ငံသား စိစစ်ရေးကတ်ပြားများထုတ်ပေးရေးဆောင်ရွက်လျက်ရှိရာ အခြေခံပညာအထက်တန်းကျောင်း၌ ဇူလိုင် ၂၀ရက်က ကျင်းပသော နိုင်ငံသားစိစစ်ရေးကတ်ပေးအပ်ပွဲ အခမ်းအနားတွင် မူဆယ်ခရိုင် ဦးစီးဌာနမှူးက နိုင်ငံသားလုပ်ငန်းများကို သတ်မှတ်ချိန်အတွင်း သတ်မှတ်နှုန်းထားများဖြင့် ဆောင်ရွက်နေမှုအစီအမံများကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးဌာနမှူးဦးဝင်းနိုင်စိုးက နိုင်ငံသားစိစစ်ရေးကတ်များကို ကျောင်းသားကျောင်းသူများအား ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(အပေါ်ပုံ)** **(မြို့နယ် ပြန်/ဆက်)**

ပေးအပ်

မြောင်းမြမြို့ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း၌ ဩဂုတ် ၈ ရက်က နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ပွဲအခမ်းအနားကျင်းပရာ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ခရိုင်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဝင်းနှင့် မြို့နယ်ဦးစီးဌာနမှူး ဦးကိုကိုနိုင်တို့ နိုင်ငံသားအရည်အချင်းပြည့်မီသူ ကျောင်းသားကျောင်းသူများအား ပေးအပ်စဉ်။

(မြို့နယ်လဝက)

ပခုက္ကူမြို့နယ်၌ ပေးအပ်

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ပညာရတနာခန်းမ၌ ဩဂုတ် ၁၃ ရက် နံနက်က နိုင်ငံသားစိစစ်ရေးကတ်ပြားများပေးအပ်ပွဲ ကျင်းပရာ အခမ်းအနားတွင် မကွေးတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးဌာနမှူး ဦးလှဒေါင်းက အမှာစကားပြောကြားပြီး ပခုက္ကူမြို့ပေါ် အထက်တန်းကျောင်းများမှ နိုင်ငံသားအရည်အချင်းပြည့်မီသူ ကျောင်းသား ကျောင်းသူ ၁၆၂၉ ဦးတို့၏ နိုင်ငံသားစိစစ်ရေးကတ်ပြားများကို သက်ဆိုင်ရာကျောင်းအုပ်ကြီးများထံ ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(အောက်ပုံ)** **(၁၀၂)**

လမ်းမတော်မြို့နယ်၌ ပေးအပ်

လမ်းမတော် မြို့နယ် အမှတ် (၉)ရပ်ကွက် အမှတ် (၁)အခြေခံပညာအလယ်တန်းကျောင်း မြမာလာခန်းမဆောင်၌ ဩဂုတ် ၇ ရက်က နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ပွဲအခမ်းအနားကျင်းပရာ ရှေးဦးစွာ လမ်းမတော်မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနမှူး ဦးအောင်ကျော်သူက အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ဖြေလျှော့ဆောင်ရွက်ပေးသည့် စနစ်သစ်နှင့်အညီ လွယ်ကူလျင်မြန်စွာ ဆောင်ရွက်ပေးနေမှုများနှင့်စပ်လျဉ်း၍ ဒေသခံပြည်သူများအား ရှင်းလင်းပြောကြားပြီးနောက် နိုင်ငံသားအရည်အချင်းပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများကို တစ်ဦးချင်းပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(အပေါ်ပုံ)** **(၀၁၆)**

ရေစကြိုမြို့နယ်၌ ပေးအပ်

လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနက ဖြေလျှော့သော နည်းလမ်းများဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးရေးလုပ်ငန်းကို ဆောင်ရွက်ပေးလျက်ရှိရာ ဩဂုတ် ၁၃ ရက် နံနက်က မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ရေစကြိုမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း မြတမာခန်းမ၌ ကျင်းပသော နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်ပွဲအခမ်းအနားတွင် မကွေးတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးဌာနမှူးက ကျောင်းသား ကျောင်းသူများ၏ နိုင်ငံသားစိစစ်ရေးကတ်ပြား ၉၆၂ ခုကို ကျောင်းအုပ်ဆရာမကြီးဒေါ်ချစ်ရင်ထံ ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(၃၇၄)**

မောင်တောခရိုင် ဘူးသီးတောင်မြို့၌ နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲအခမ်းအနားကို ဩဂုတ် ၉ ရက်က တောင်ရပ်ကွက်ရှိ မူလတန်းကြိုကျောင်းခန်းမ၌ ကျင်းပရာ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးမှူး ဦးခင်မောင်မြင့်က ကျောင်းသူတစ်ဦးအား နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်စဉ်။

(မြို့နယ် ပြန်/ဆက်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၆-၈-၂၀၁၁ (အင်္ဂါနေ့)

နံနက်ပိုင်း

- ၅:၀၀ MRTV-4အဖွင့် Logo ပဋ္ဌာန်းပါဠိတော်+မေတ္တာသုတ်
- ၅:၂၀ MRTV-4 သတင်း
- ၅:၅၀ အတွင်းရုပ်၊ အပြင်ရုပ်၊ အမြစ်ဖြုတ် တရားတော် (ဆရာတော်အရှင်တေဇနိယ)
- ၆:၄၀ ပုခန်းကြီးရေးပောင်း ကျောင်းတော်ကြီး
- ၆:၅၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၉၇)
- ၇:၃၀ MRTV-4 သတင်း
- ၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မာယာမျဉ်းပြိုင်** (အပိုင်း-၃၉)
- ၈:၅၀ Activities in the City မိုးကုတ်ဝိပဿနာအမျိုးသမီးယောဂီများ၏ သိက္ခာထပ် အလှူမင်္ဂလာ -စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုပညာမဟာဘွဲ့၏ မောင်မယ်သစ်လွင်ကြိုဆိုပွဲ
- ၉:၁၅ တောင်စွန်းဓမ္မဒူတမှ အလှူတော်မင်္ဂလာ
- ၉:၃၀ Cartoon Show Time (HOODWINKED)
- ၁၀:၁၀ အဘိဓမ္မာပြန့်ပွားရေး အသင်းကြီး၏အဘိဓမ္မာ (၇)ကျမ်း သာသနာပြုမှတ်တမ်း
- ၁၀:၂၀ Activities in the City (NUBOCELL DNA Repair Skin Care Product မိတ်ဆက်ပွဲအခမ်းအနား)
- ၁၀:၄၀ Celebrity Style (ဇေယျ)
- ၁၁:၁၀ International Show Biz
- ၁၁:၂၅ ဇီဝိတဒါနဆေးလှူဒါန်းပွဲနှင့် ဆေးကုသပွဲအခမ်းအနား
- ၁၁:၄၀ MRTV-4 ကာတွန်းအစီအစဉ်
- ၁၂:၁၅ သင်ကြားရေးလမ်းညွှန် (T & H After School Maths for Kids)
- ၁၂:၄၀ မြန်မာပြည်ရဲ့ ပါရမီ
- ၁:၀၀ အတွင်းရုပ်၊ အပြင်ရုပ်၊ အမြစ်ဖြုတ် တရားတော် (ဆရာတော်အရှင်တေဇနိယ)
- ၂:၀၀ MRTV-4 သတင်း
- ၂:၂၀ ရန်ကုန်မြင်ကွင်းကျယ် [ညောင်လေးပင်အသင်း(ရန်ကုန်) နှစ်ပတ်လည်အခမ်းအနား]
- ၂:၄၀ MBE ၏ မူလတန်းကျောင်း ဆောက်လုပ်လှူဒါန်းပွဲ
- ၂:၅၅ အရိုးအကြောအဆစ်ရောဂါများ (ပါမောက္ခ ဒေါက်တာချစ်စိုး)
- ၃:၀၅ Activities in the City (စာရေးဆရာလင်းသိုက်ညွန့်၏ စာအုပ်မိတ်ဆက်ပွဲနှင့်ဟောပြောပွဲ)
- ၃:၂၀ MRTV-4ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ**(အပိုင်း -၉၇)
- ၄:၁၀ MRTV-4ရုပ်သံဇာတ်လမ်းတွဲ **မာယာမျဉ်းပြိုင်** (အပိုင်း-၃၉)
- ၅:၀၅ The Champion of Dance
- ၅:၄၅ အောင်မြင်သူများအားဂုဏ်ပြုခြင်း
- ၆:၀၀ MRTV-4 သတင်း
- ၆:၂၀ Dell Show Room (မန္တလေးဆိုင်ခွဲဖွင့်ပွဲအခမ်းအနား)
- ၆:၃၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း -၉၈)
- ၇:၂၀ Celebrity Choice (ကျော်ကျော်ဗို)
- ၈:၀၀ MRTV-4 သတင်း
- ၈:၃၀ အနုပညာမိုးကောင်းကင်
- ၈:၅၀ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မာယာမျဉ်းပြိုင်** (အပိုင်း -၄၀)
- ၁၀:၂၀ World of Knowledge (Chasing Earthquake)
- ၁၁:၁၀ ယဉ်တကာ့ယဉ်
- ၁၁:၃၀ ဖန်တီးသူနှင့်အနုပညာ **ချမ်းချမ်း** (အပိုင်း-၁)
- ၁၂:၀၀ Royal Reward Resort နှင့် သူ၏ဆုလာဘ်သခင်
- ၁၂:၂၀ လေ့လာမြတ်နိုးထိန်းသိမ်းဖို့ရာ ပန်းဆယ်မျိုးပညာ
- ၁၂:၄၅ လင်းလက်တောက်ပမီးဆိုင်းအလှ
- ၁:၀၀ ကြိုတင်ပြင်ဆင်ဆောင်ရွက်လျှင် အန္တရာယ်ကင်းစင်မွေးမိခင် ထွန်းထွန်းဝင်း၊ မေသန်းနု၊ ဖိုးသောကြာ၊ ပပဝင်းခင် [ဒါရိုက်တာ-အောင်မိုး(ပဲရစ်)]
- ၁:၁၅ သစ်သီးဝလံပေါပြည့်ဝေသော တို့မြေမှာ (ဒူးရင်း၊ မင်းကွတ်၊ ကြက်မောက်)
- ၁:၃၀ တိုးတက်စည်ဝေ ညောင်ဇင်ကျေးရွာဖွံ့ဖြိုးနေ
- ၁:၅၅ ထူးခြားဆန်းပြားတဲ့ ကြပ်ကြာရုံကုသ်ပွဲ
- ၂:၁၅ Box Office Movies (Star Trek)
- ၂:၄၅ သာယာစိုပြည်ကြံခင်းမြေ
- ၃:၀၀ ကဏ္ဍစုံလင်အားကစားအစီအစဉ်
- ၄:၀၀ မြန်မာ့ရိုးရာခြင်းလုံးခတ်ကစားခြင်း
- ၄:၁၅ ပြင်ဦးလွင်မှပြင်ဦးလွင်စတား ဆွယ်တာလုပ်ငန်း
- ၄:၃၀ ဖိတ်ခေါ်ပါသည်ဖွံ့ဖြိုးဝေစည် ညောင်းကျိုးမြို့ဆီသို့
- ၄:၄၅ ဆုပန်ရည်စူးအရောက်ဖူး… မြတ်ဘုရားဖောင်တော်ဦး
- ၅:၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ခြင်ဆေးဖျန်း

ရှမ်းပြည်နယ်(မြောက်ပိုင်း) သိန္နီမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ မိုးရာသီကာလ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ဇူလိုင် ၂၃ ရက်က အမှတ်(၂)ရပ်ကွက်အတွင်း ခြင်ဆေးဖျန်းခြင်းလုပ်ငန်းကို အမှုဆောင်အရာရှိ ဦးခင်စောနှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

ဇလွန်မြို့နယ်အသင်း(ရန်ကုန်) စုပေါင်းလှူဒါန်းပွဲ ကျင်းပမည်

ရန်ကုန် ဩဂုတ် ၁၅

ဇလွန်မြို့နယ်အသင်း(ရန်ကုန်)၏ (၁၀)ကြိမ်မြောက် စုပေါင်းလှူဒါန်းပွဲကို ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်အရှေ့ဘက် ဗဟန်းကြားတောရလမ်းရှိ ဧရာဝတီတိုင်းဒေသကြီးဓမ္မာရုံ၌ ဩဂုတ် ၂၈ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်ရာ အသင်းဝင်များ၊ အသင်းဝင်မိသားစုများ၊ မြို့နယ်သူ မြို့နယ်သားများ တက်ရောက်ကြရန်နှင့် လှူဒါန်းလိုသူများသည် ဥက္ကဋ္ဌ ဦးလှမြင့်(ကေသီပန်) ဖုန်း-၅၁၀၃၆၇၊ ၅၁၀၆၁၇၊ ဒုတိယဥက္ကဋ္ဌများဖြစ်သော ဦးသိမ်း ဖုန်း-၅၈၄၁၉၁၊ ဦးကျော်စိုးဝင်း ဖုန်း-၂၉၆၉၄၃၊အတွင်းရေးမှူးများဖြစ်ကြသော ဦးအေးကျော် ဖုန်း-၇၃၀၀ ၃၄၆၄၊ ၀၉-၅၁၅၈၂၄၃၊ ဦးလှမြင့်ဦး ဖုန်း-၇၂၄၅၅၄၊ ဦးမောင်မောင်ဝင်း ဖုန်း-၀၉-၅၀၀၃၃၁၆ နှင့် ဘဏ္ဍာရေးမှူး ဦးကံထွန်း ဖုန်း-၇၃၀-၁၂၄၅၇ တို့ထံသို့ လည်းကောင်း၊ နီးစပ်ရာအမှုဆောင်များထံသို့လည်းကောင်း ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ (မြို့နယ် ပြန်/ဆက်)

အင်ဂျင်နီယာပညာရပ်ဆိုင်ရာသင်တန်းဖွင့်မည်

ရန်ကုန် ဩဂုတ် ၁၅

လုပ်ငန်းခွင်အသုံးချ အင်ဂျင်နီယာဘာသာရပ်နှင့် အင်ဂျင်နီယာပညာရပ် အသုံးချကွန်ပျူတာသင်တန်းများကို Gallant သင်တန်းကျောင်း၌ ဖွင့်လှစ်သင်ကြားလျက်ရှိရာ သင်တန်းကာလမှာ နှစ်လမှ လေးလအထိဖြစ်ပြီး သင်တန်းတွင် တီဗွီ၊ ဒီဗွီဒီ၊ ဗွီစီဒီနှင့် အသုံးချအီလက်ထရွန်နစ်စက်ပြင်ခြင်း၊အိမ်၊ စက်ရုံ၊ ဆောက်လုပ်ခြင်း၊ အိမ်၊ ကုမ္ပဏီနှင့် ရုံးသုံးအဲယားကွန်း၊ အခြေခံအဆင့်မြင့်ကွန်ဒို၊ အရောင်းစင်တာ၊ ဟိုတယ် အသုံးပြု အဲယားကွန်းပြုပြင်ခြင်း စက်ရုံသုံး မော်တာထိန်းချုပ်မောင်းနှင်ခြင်း၊ ဂဟေဆက်ခြင်း၊ ပိုက်ပြင်ပိုက်ဆက်ခြင်း၊ Mechanical & Electrical Competency (M & E)၊Computerized Numerical Control (CNC) ဘာသာရပ်များကို သင်ကြားမည်ဖြစ်ကြောင်းနှင့် အင်ဂျင်နီယာပညာရပ် အသုံးချကွန်ပျူတာသင်တန်းများတွင် Auto -CAD (Basic)၊ Auto CAD (M & E)၊ Programmable Logic Control (PLC)၊ Microcontroller Course (or) PIC ဘာသာရပ်များကို သင်ကြားမည်ဖြစ်ကြောင်း သိရှိရသည်။ အဆိုပါသင်တန်းများကို အခြေခံပညာအထက်တန်းရှိသူများ၊ ဘွဲ့ရရှိပြီးသူများ တက်ရောက်နိုင်ကြောင်းနှင့် သင်တန်းနှင့်စပ်လျဉ်း၍ စုံစမ်းလိုပါက အမှတ် (၅) ဘီ၅ လေးလွှာ ဦးထွန်းလင်းခြံလမ်း လှည်းတန်း ကမာရွတ်မြို့နယ် ဖုန်း-၅၃၂၄၂၀၊ -၀၉-၇၃၀-၃၂၆၇၀၊ ၅၃၉၄၀၃ တို့ထံသို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရှိရသည်။ (မြန်မာ့အလင်း)

အမြို့မြို့အနယ်နယ်၌ စာကြည့်တိုက်များဖွင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်း

နေပြည်တော် ဩဂုတ် ၁၅



ကျောင်းကုန်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ပညာရွှေအိုးကျေးလက်စာကြည့်တိုက်အတွက် EVD ပြစက်ပေးအပ်လှူဒါန်းပွဲကို ဩဂုတ် ၄ ရက်က ကျောင်းကုန်းမြို့နယ် ထောက်ရှာကျေးရွာ၌ကျင်းပရာ အခမ်းအနားသို့ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်တက်ရောက်ပြီး မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်အေးအေးမော်က စာကြည့်တိုက်အတွက် EVD ပြစက် ပေးအပ်လှူဒါန်းစဉ်။ (၀၉၁)

မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းသို့ အလှူငွေနှင့် စာအုပ်စာစောင်များ လှူဒါန်းနိုင်

မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းသည် ပြည်သူများအသိပညာ ဗဟုသုတမြင့်မားလာစေရေးနှင့် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အားပေးကူညီဆောင်ရွက်လျက်ရှိရာ စေတနာရှင် အလှူရှင်များအနေဖြင့် အလှူငွေနှင့် စာအုပ်စာစောင်များ လှူဒါန်းလိုပါက မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်း အမှတ် ၂၂၈ သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၇၁၃၄၂၊ ၀၁-၂၀၁၉၃၆ နှင့် ၀၁-၃၉၈၇၅၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

စာကြည့်တိုက်အဆောက်အအုံသစ် မှော်ဘီမြို့နယ်၌ ဖွင့်

စာအုပ်စာပေ လှူမိတ်ဆွေ

မှော်ဘီ ဩဂုတ် ၁၅

ရန်ကုန်မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ် ဘိုးဒေါနကုန်း ကျေးရွာအုပ်စု သရက်ညိုပင်ကျေးရွာ၌ သုတအိမ်စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲကို ဩဂုတ် ၁၃ ရက် နံနက် ၉ နာရီက အဆိုပါစာကြည့်တိုက်ရှေ့၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စိုးလွင်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူးဒေါ်ခင်သီတာဦးနှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးတိုးလှတို့က စာကြည့်တိုက်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ (ဝဲပုံ)

လက်ခံယူ

ဆက်လက်၍ မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းက လှူဒါန်းခဲ့သော သုတ ရသစာအုပ်စာစောင် ၁၅၂ အုပ်ကိုမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူးကပေးအပ်လှူဒါန်းရာကျေးရွာအုပ်ချုပ်ရေးမှူးက လက်ခံယူခဲ့ကြောင်း သိရှိရသည်။ (မြို့နယ် ပြန်/ဆက်)

မှုခင်းသတင်း

မြန်မာ့အလင်း ၁၅-၈-၂၀၁၁

ဆိုင်ကယ်လုယက်မှု မြောင်းမြမြို့နယ်၌ ဖြစ်ပွား

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ် ကုန်းသာကျေးရွာအုပ်စု တောင်သာယာကျေးရွာအနီး လမ်းမပေါ်၌ ဩဂုတ် ၄ ရက် မွန်းလွဲပိုင်းက ဆိုင်ကယ်မောင်းသူ၏ လည်ပင်းကို ဓားဖြင့်ထိုးကာ ဆိုင်ကယ်လုယက်မှုတစ်ခု ဖြစ်ပွားခဲ့သည်။

သွားရောက်စစ်ဆေး

ယင်းဖြစ်စဉ်သတင်းရရှိသဖြင့် မြောင်းမြမြို့နယ် ရဲတပ်ဖွဲ့မှ စခန်းမှူး ရဲအုပ်မြင့်ဆွေနှင့် တာဝန်ရှိသူများက အခင်းဖြစ်ပွားရာသို့ သွားရောက်စစ်ဆေးခဲ့သည်။ လည်ပင်းကိုဓားဖြင့်ထိုးခံရပြီး ဆိုင်ကယ်လုယက်ခံရသူမှာ မြောင်းမြမြို့ ဘုရားချောင်းရပ်ကွက် ညောင်ကုန်းကျေးရွာနေ ဆိုင်ကယ်ကယ်ရီမောင်းသူ ချစ်ကောင်း အသက် ၂၀ (ဘ) မန်းကညာစီဖြစ်ပြီး၊ ဆိုင်ကယ်မှာ တရုတ်နိုင်ငံလုပ် ကန်ဘို-၁၁၀ အမျိုးအစား အနက်ရောင်ဖြစ်သည်။ ဆိုင်ကယ်လုယက်သွားသူ၏ ပုံပန်းသဏ္ဌာန်မှာ ဆံပင်တို၊ အရပ်ရှည်၊ အင်္ကျီအစိမ်းနုဝတ်ဆင်၊ ပုဆိုးအနက်ရောင်နှင့် အစိမ်းရောင် လွယ်အိတ်တစ်လုံး လွယ်သိုင်းထားကြောင်း သိရှိရသည်။

သေဆုံးသွား

ဒဏ်ရာရရှိသူ ချစ်ကောင်းမှာ မြောင်းမြဆေးရုံသို့ ပို့ဆောင်ဆေးကုသပေးခဲ့သော်လည်း ဩဂုတ် ၅ ရက်က ရရှိဒဏ်ရာဖြင့် သေဆုံးသွားသည်။ တရားခံဖမ်းဆီးရမိရေးအတွက် မြောင်းမြမြို့နယ် ရဲစခန်းက အမှုဖွင့်ကာ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ (သတင်းစဉ်)

ဆိုင်ကယ်အရှိန်မထိန်းနိုင် လမ်းဘေးသစ်ပင်ဝင်တိုက်

မိတ္ထီလာခရိုင် မလှိုင်မြို့နယ်တွင် ဩဂုတ် ၈ ရက် ညနေက ရေထွက်ကျေးရွာနေ ဦးသန်းဝင်း (၃၄)နှစ်သည် မတလ/...ရင်ဇင်းဆိုင်ကယ်အစိမ်းရောင်ဖြင့် နောက်ခုံတွင် ရေနီကျေးရွာနေ ဦးမောင်ဝင်း(၃၇)နှစ်အား တင်၍ မလှိုင်မှ မြင်းခြံဘက်သို့ စီးလာရာ မလှိုင်-မြင်းခြံကားလမ်းမိုင်တိုင်(၂၅/၂) အနီးအရောက်တွင် ဆိုင်ကယ်အရှိန်မထိန်းနိုင်ဖြစ်ကာ လမ်းဘေး ဘောစကိုင်းပင်ကို အရှိန်ဖြင့် ဝင်ရောက်တိုက်မိ၍ တိမ်းမှောက်သွားသဖြင့် ဦးသန်းဝင်းမှာ ယာဉ်းကျိုးသွားပြီး ဆိုင်ကယ်နောက်မှစီးသူ ဦးမောင်ဝင်းမှာ ယာဘက်ခြေချင်းဝတ်ကျိုးသွားခဲ့သည်။

အရေးယူထား

၄င်းတို့နှစ်ဦးအား မလှိုင်ဆေးရုံသို့ တင်ပို့ထားပြီး ဆိုင်ကယ်မဆင်မခြင်စီးသူ ဦးသန်းဝင်းအား မလှိုင်ရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရှိရသည်။ (၀၁၂)

မိုးညှင်းမြို့နယ်၌ မီးလောင်မှုဖြစ်ပွား

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် နာခါရပ်ကွက် အနော်ရထာလမ်း တိုက်တန်းမှ တိုက်အမှတ်(နခမ/၁၇၄) နေ ဦးစိုင်းထွန်းဝင်း- ဒေါ်ခင်မာလွင်ပိုင် စိန်ငွေးဖိနပ်ဆိုင်၌ ဩဂုတ် ၁၁ ရက် ည ၈ နာရီခွဲတွင် မီးလောင်မှု ဖြစ်ပွားရာ မိုးညှင်းမြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ပြည်သူများက မီးကိုငြိမ်းသတ်ခဲ့ကြသည်။ အခင်းဖြစ်ပွားရာသို့ ခရိုင်နှင့်မြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးများ၊ ရဲတပ်ဖွဲ့ဝင်များက လိုအပ်သည်များကူညီဆောင်ရွက်ပေးကြသည်။ **(ယာပုံ)** မီးမှာ ဦးစိုင်းထွန်းဝင်း-ဒေါ်ခင်မာလွင် ချက်ပြုတ်ရန် ဂက်စ်မီးဖိုအသုံးပြုရာမှ ဂက်(စ်)ငွေ့ပေါက်ပြီး စတင်လောင်ကျွမ်းခြင်းဖြစ်ရာစတင်လောင်ကျွမ်းသည့်အိမ်ရှင်အား မိုးညှင်းရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရှိရသည်။ (၀၆၃)

အင်းစိန်မြို့နယ် အမှတ်(၄) အခြေခံပညာအလယ်တန်းကျောင်းတွင် ဩဂုတ် ၉ ရက်က ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှုအဖြစ် မူလတန်း၊ အလယ်တန်း ကျောင်းသား ကျောင်းသူများအား ကျောင်းအုပ်ဆရာမကြီး ဒေါ်လှလှဝင်းနှင့် ဆရာ ဆရာမများစုပေါင်း၍ အာဟာရနို့ဆန်ပြုတ် တိုက်ကျွေးကြစဉ်။ (၀၃၂)

အရည်အသွေး စစ်ဆေး

မှော်ဘီမြို့နယ် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှုအဖြစ် ဩဂုတ် ၃ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဦးစီးအရာရှိ ဒေါ်ထွေးရီနှင့် အဖွဲ့ဝန်ထမ်းများ၊ ကျန်းမာရေးဝန်ထမ်းများ၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းတို့ပူးပေါင်း၍ မြို့မဈေးအတွင်း ကုန်စုံဆိုင်များတွင် ရောင်းချလျက်ရှိသောဆားတွင် အိုင်အိုဒင်းဓာတ်ပါဝင်မှုရှိ မရှိ အရည်အသွေးစစ်ဆေးခြင်းများ ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

သစ်ပင်စိုက်ပျိုးပွဲ မတ္တရာ၌ကျင်းပ

မတ္တရာ ဩဂုတ် ၁၅

မတ္တရာမြို့နယ် သစ်ပင်စိုက်ပျိုးပွဲကို ကျောက်တံတားကျေးရွာ အထက်တန်းကျောင်းခွဲတွင် ဩဂုတ် ၁၀ ရက် နံနက်ပိုင်းက ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်သိန်း၊ မြို့နယ်သစ်တောဦးစီးမှူး၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ဒေသခံပြည်သူများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြပြီး ကျွန်း၊ မဲဇလီ၊ သဘော်၊ တယ်၊ မြန်မာ ကုက္ကို၊ တမာနှင့် မယ်ဇယ် စသည့် အပင်ပေါင်း ၂၆၀၀ စိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။ **(အောက်ပုံ)**(၀၄၀)

သတိပေးနှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ်စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်ကို မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက်ပိုမို စီးနင်းခြင်း မပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်း မပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

နေပြည်တော်ယာဉ်စည်းကမ်း ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

ကျေးဇူးတင်လွှာ

တောင်ပြုန်းပွဲတော်ကြီးတွင် ခြောက်နှစ်ဆက်တိုက် ကပြဖျော်ဖြေခဲ့သော **ဟန်ဇာမိုးဝင်း၊ တင်ဇာမိုးဝင်း** ဇာတ်သဘင်အဖွဲ့ကြီးကို တစ်ခဲနက် ရှုံပြည့်ရှုံလျှံသည်အထိ လှိုက်လှိုက်လှဲလှဲ အားပေးကြပါသော အနယ်နယ်အရပ်ရပ်မှ ပရိသတ်ကြီးကို အထူး (အထူး) ကျေးဇူးတင်ရှိပါကြောင်း-

(၇)နှစ်မြောက် တောင်ပြုန်းပွဲတော်ကြီးတွင် ပြန်လည်ဆုံစည်းကြပါစို့-

ကန်ထရိုက်

ဦးခင်မောင်ညွန့်၊ (သား) ကျော်ဇေယျ၊ ဖေကြီး-မေကြီး မိသားစု

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့နေ
ဗိုလ်ကြီးတင်စိုး(ငြိမ်း)-ဒေါ်ခင်အုန်းငွေတို့၏သားငယ်
ဗိုလ်ကြီးနေမင်းစိုး
B.Sc, D.S.A(Maths:)
နှင့်
ရန်ကုန်မြို့နေ
ဦးခင်မောင်ဦး-ဒေါ်ကြူကြူထွန်းတို့၏သမီးငယ်
မခင်ဇာခြည်
B.E (Chemical)

တို့သည် ၁၄-၈-၂၀၁၁ရက်တွင် နှစ်ဖက်သော မိဘဆွေမျိုးများ၏ ရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် ဗိုလ်ကြီးနေမင်းစိုး-မခင်ဇာခြည်

ဥတ္တရာသီ တောကိုမှီ၏

တေဇ(၁၃)ငွေရတုအခမ်းအနားဖိတ်ကြားခြင်း

၂၄-၉-၂၀၁၁ရက် ညနေ ၆ နာရီ Excell Tower ရွှေဂုံတိုင်တွင် ညစာစားပွဲပြုလုပ်ပါမည်။

၂၅-၉-၂၀၁၁ရက် နံနက် ၈း၃၀နာရီ နှင်းဆီကုန်း ဘိုးဘွားရိပ်သာတွင် ဆရာကန်တော့ပွဲ ပြုလုပ်ပါမည်။

ညစာစားပွဲသို့ သင်ကြားပေးခဲ့သော ဆရာများ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အလှူငွေများကို အောက်ပါ ဖုန်းနံပါတ်များသို့ ၃၀-၈-၂၀၁၁ရက် နောက်ဆုံးထား ဆက်သွယ်လှူဒါန်းကြပါရန်-

သူရဦးအောင်မျိုးမြင့်	ဖုန်း-၀၉-၈၃၀၁၈၁၄
ဦးဝင်းကျော်	ဖုန်း-၀၉-၈၃၀၀၅၀၄
ဦးစိုးကြည်	ဖုန်း-၀၉-၅၁၃၈၂၆၉
ဦးအောင်တင်ဦး	ဖုန်း-၀၉-၄၉၃၄၃၂၇၁
ဦးဝင်းမြင့်ထွန်း	ဖုန်း-၀၉-၅၀၀၀၈၃၁

ခြံကျယ်ကျယ် အမြန်ရောင်းမည်

မှော်ဘီ၊ ရန်ကုန်၊ ပြည်လမ်းမကြီးအနီး၊ ရှမ်းကုန်းရွာ၊ အောင်တော်မူဘုရားအနီး ခြံမြေရှစ်ဧကကျော်ရှိ သွားလာလွယ်ကူ၍ ကားလမ်းခြံအထိပေါက်၊ မီး၊ ရေရ၊ စက်ရေတွင်း၊ လက်ရေတွင်းရှိ၊ စိန်တစ်လုံးသရက် အပင်၅၀၀ရှိ (အသီးလှိုင်လှိုင်ထွက်)၊ ငှက်ပျောပင် ၁၀၀ရှိ၊ သီးပင်စားပင် စုံလင်စွာ စိုက်ထား၊ ပျဉ်ထောင်အိမ်တစ်လုံးပါ။ **ရောင်းဈေး ကျပ်သိန်း ၁၈၀၀**

ဆက်သွယ်ရန်ဖုန်း-၀၉-၅၀၄၃၇၅၂

အမည်ပြောင်း

ဦးဝင်းအောင်၏သား ဗန်းမော်မြို့ အထက တက္ကသိုလ်ဝင်တန်း ဝိဇ္ဇာ (B)မှ မောင်တုပ်ဖြူအား မောင်အောင်မြင့်စိုးဟု ပြောင်းလဲခေါ်ပါရန်။

မောင်အောင်မြင့်စိုး

ပျောက်ဆုံးကြောင်း

ကျွန်တော် ပြည့်ဖြိုးဟန် ၁၂/သကတ (နိုင်)၁၅၂၇၈၇၏ နိုင်ငံကူးလက်မှတ် အမှတ် - M 004846 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း- ၀၉-၅၄၁၇၀၃၄

မိဘအမည်မှန်

အထက(၆)၊ မော်လမြိုင်၊ တက္ကသိုလ်ဝင်တန်း (G) မှ မောင်အောင်သိုက်၏ မိဘအမည်မှန်မှာဦးအေးလွင်-ဒေါ်အေးကြည် ဖြစ်ပါကြောင်း။

မောင်မောင်မြင့်ဆွေ ရေးသားသည်

ကမ္ဘာကျော် ဟာသသရုပ်ဆောင် မစ္စတာဘင်း ယာဉ်မတော်တဆမှုဖြစ်ပွား

လန်ဒန် ဩဂုတ် ၁၅

ကမ္ဘာကျော် ဟာသသရုပ်ဆောင် မစ္စတာဘင်းသည် ဩဂုတ် ၁၃ ရက်က အင်္ဂလန်နိုင်ငံတောင်ပိုင်း၌ ယာဉ်တိုက်မှုဖြစ်ပွားခဲ့သဖြင့် မီတာဘိုရော့မြို့ ဆေးရုံတွင် ဆေးကုသမှုခံယူနေရကြောင်း၊ ဒဏ်ရာပြင်းထန်မှု မရှိကြောင်း ဩဂုတ် ၁၅ ရက်က အင်တာနက်သတင်း၌ ဖော်ပြသည်။

ဖြစ်ပွားခဲ့

*အသက် ၅၆ နှစ်အရွယ်ရှိပြီဖြစ်သည့် အမည်ရင်း ရိုဝမ်အက်ကင်ဆန် (မစ္စတာဘင်း)**(ယာပုံ)**သည် အမေရိကန်ဒေါ်လာတစ်သန်းဖြင့် ဝယ်ယူထားသော ကမ္ဘာ့အမြန်ဆုံးကား အမျိုးအစားဖြစ်သည့် မက်လာရင်အက်ဖ်-၁ ကားကို မောင်းနှင်လာရင်း ယာဉ်မတော်တဆ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။*

တစ်ခဲနက်အားပေး

ရိုဝမ်အက်ကင်ဆန်သည် ၁၉၈၃ ခုနှစ်မှ စတင်ကာ သရုပ်ဆောင်ဂျိမ်းစ်ဘွန်း၏ Never Say Never Again ဇာတ်ကားတွင် ဇာတ်ပို့တစ်ဦးအဖြစ် ပါဝင်သရုပ်ဆောင်ခဲ့သူဖြစ်သည်။ ထို့နောက် Dead On Time ဇာတ်ကားမှစတင်ကာ ခေါင်းဆောင်မင်းသားအဖြစ် ပါဝင်သရုပ်ဆောင်ခဲ့ရာ အောင်မြင်မှုရရှိခဲ့ခြင်းဖြစ်သည်။ ထို့နောက် ၁၉၉၇ ခုနှစ်က ရိုက်ကူးခဲ့သော Bean: The Ultimate Disaster Movie ဇာတ်ကားတွင် မစ္စတာဘင်းအဖြစ် သရုပ်ဆောင်ခဲ့ရာမှ ကမ္ဘာ့ပရိသတ်များ တစ်ခဲနက်အားပေးမှုရရှိကာ ကမ္ဘာကျော် ရုပ်ရှင်သရုပ်ဆောင်တစ်ဦး ဖြစ်လာခဲ့သူဖြစ်သည်။ ***(အင်တာနက်)***

ရုပ်ရှင်ပင်းသားတွမ်ခရုဇ် လော့စ်အိန်ဂျလိစ်၌ ပရိသတ်များနှင့်တွေ့ဆုံ



လော့စ်အိန်ဂျလိစ် ဩဂုတ် ၁၅

ဟောလိဝုဒ်စူပါစတား ရုပ်ရှင်မင်းသား တွမ်ခရုဇ်သည် သူပါဝင်သရုပ်ဆောင် ရိုက်ကူးထားသည့် Mission: Impossible IV ဇာတ်ကားကို ပရိသတ်များ စိတ်ဝင်စားအားပေးမှုရရှိရေးအတွက် လော့စ်အိန်ဂျလိစ်မြို့သို့ ဩဂုတ် ၁၃ ရက်က ရောက်ရှိ လာသည်။

အသက် ၄၉ နှစ်အရွယ်ရှိ တွမ်ခရုဇ်(ဝဲပုံ)***သည် ဇနီးဖြစ်သူ ကိတ်ဟိုလ်မက်စ် နှင့်အတူ သမီးဖြစ်သူ ဆူရီလည်း လိုက်ပါကာ လော့စ်အိန်ဂျလိစ်မြို့တွင် ပရိသတ်များနှင့် တွေ့ဆုံပွဲပြုလုပ်နေခြင်းဖြစ်သည်။***

ရိုက်ကူးထုတ်လုပ်

တွမ်ခရုဇ်သည် ယခုအခါ ရုပ်ရှင်သရုပ်ဆောင်မှုအပြင် ရုပ်ရှင်ရိုက်ကူးထုတ်လုပ်ရေးလုပ်ငန်းများပါ တွဲဖက်ပြုလုပ်လျက်ရှိသည်။ Mission: Impossible IV ဇာတ်ကားမှာ သူကိုယ်တိုင် ရိုက်ကူးထုတ်လုပ်ထားခြင်းဖြစ်သည်။

၎င်းဇာတ်ကားကို မကြာမီရုံတင်ပြသတော့မည်ဖြစ်သဖြင့် အမေရိကန်နိုင်ငံ မြို့ကြီး များအပါအဝင် အခြားဥရောပနိုင်ငံအချို့သို့ ကိုယ်ပိုင်ရဟတ်ယာဉ်ဖြင့် သွားရောက်ကာ ပရိသတ်များနှင့် တွေ့ဆုံပွဲများပြုလုပ်မည်ဖြစ်သည်။

တွမ်ခရုဇ်သည် လောလောဆယ်တွင် Rock of Ages ရုပ်ရှင်ဇာတ်ကား၌ ပါဝင်သရုပ်ဆောင်လျက်ရှိသည်။ တစ်ဖန် ၂၀၁၃ခုနှစ်၌ One Shot ဇာတ်ကားကို ကိုယ်တိုင်ထုတ်လုပ်သူနှင့် သရုပ်ဆောင်အဖြစ် ရိုက်ကူးမည်ဖြစ်ပြီး ယင်းဇာတ်ကားရိုက်ကူးပြီးပါက Oblivion ဇာတ်ကားကိုလည်း သရုပ်ဆောင်နှင့်ထုတ်လုပ်သူအဖြစ်ပါ တာဝန်ယူလုပ်ကိုင်မည်ဖြစ်သည်။ *(အင်တာနက်)*



အများသိစေရန်
သွလားတ်ပေးကွာရှင်းပြတ်စဲပြီးစီးခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ ၁ ရပ်ကွက်၊ အိမ်အမှတ် ၁၉၁ ခ/၂၊ ၃၃လမ်းနေ ကျွန်တော် မောင်ရဲမင်းဆွေ(ခ) အာရာဖတ်၊ မှတ်ပုံတင်အမှတ် ၁၂/ကတတ(နိုင်)၀၂၉၉၃၄ နှင့် မနန်းစိုးအောင်(ခ)အိုင်မာန် ၁၂/အလန(နိုင်) ၀၃၈၈၉၄တို့သည် အိမ်ထောင်ရေးအဆင်မပြေမှုများကြောင့် ၁-၈-၂၀၁၁ ရက်တွင် နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးကြောင်း ကြေညာအပ်ပါသည်။ နောက်နောင် ကျွန်တော်၏ ကိုယ်ရေးကိုယ်တာကိစ္စနှင့် အခြားသောကိစ္စများတွင် လုံးဝသက်ဆိုင်မှုမရှိပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

မောင်ရဲမင်းဆွေ(ခ)အာရာဖတ်
၁၂/ကတတ(နိုင်)၀၂၉၉၃၄



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးသည် ဒီမိုကရေစီနိုင်ငံတော်ကြီးအဖြစ် ချီတက်နေ တစ်ဦးနှင့်တစ်ဦး ယုံကြည်မှုတည်ဆောက်၊ ကောင်းမြတ်သောအစဉ်အလာကို တန်ဖိုးထားထိန်းသိမ်း

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ အစည်းများနှင့် ငြိမ်းချမ်းရေးကို တည်ဆောက်ပေးရန်လိုလား

နေပြည်တော် ဩဂုတ် ၁၅

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ကချင်လူမျိုးများ ရိုးရာယဉ်ကျေးမှု ဗဟိုကော်မတီဥက္ကဋ္ဌ ဦးလယ်မယ်ယောဟန်(လီဆူမျိုးနွယ်စုကိုယ်စား)၊ ဒု-ဥက္ကဋ္ဌ ဦးဒိန်ရအဖုန် (ရဝမ်မျိုးနွယ်စုကိုယ်စား)၊ အတွင်းရေးမှူး ဦးလဘောင်ဆောင်းနူး(လာချိဒ်မျိုးနွယ်စုကိုယ်စား)၊ အဖွဲ့ဝင်များဖြစ်ကြသော ဦးဖော်ယမ်ဘောက်နော်(ဇိုင်ဝါးမျိုးနွယ်စုကိုယ်စား)၊ ဦးအင်ဂန်းဂျာနော်(ဂျိန်းဖော့မျိုးနွယ်စုကိုယ်စား)နှင့် ဦးဘန်လီဟောင်းဒေါင် (လော်ဝေါ်မျိုးနွယ်စုကိုယ်စား)တို့ ခြောက်ဦး စုပေါင်းလက်မှတ်ရေးထိုးပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ ၂၀၁၁ ခုနှစ် ဇူလိုင်လ ၂၈ ရက်တွင် တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးအတွက်တင်ပြခြင်းခေါင်းစဉ်ဖြင့် တင်ပြစာတစ်စောင်အား ပေးပို့ခဲ့ကြောင်း သိရှိရသည်။ အဆိုပါ တင်ပြစာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည် -

လေးစားစွာဖြင့်-

နိုင်ငံတော်သမ္မတကြီးထံ ကျွန်တော်တို့ ကချင်လူမျိုးများ ရိုးရာယဉ်ကျေးမှု ဗဟိုကော်မတီမှ တည်တံ့ခိုင်မြဲ၍ အနှစ်သာရရှိသော ငြိမ်းချမ်းရေးကို ဖော်ဆောင်ပေးပါရန် တင်ပြအစီရင်ခံအပ်ပါသည်။

၁။ ကျွန်တော်များ ကချင်လူမျိုးများ ရိုးရာယဉ်ကျေးမှုဗဟိုကော်မတီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း တည်တံ့ခိုင်မြဲ၍ အနှစ်သာရရှိသော ငြိမ်းချမ်းရေးကို အထူးလိုလားတောင့်တကြပါသည်။

၂။ စစ်၏ဆိုးကျိုးကို မည်သည့်လူသားမှ မနှစ်သက်ကြပါ၊ စစ်ကြောင့် တိုင်းပြည်တိုးတက်မှုဆုံးရှုံးနစ်နာသလို ပြည်သူလူထုများလည်း ဒုက္ခပင်လယ်ဝဲဂယက်တွင် ခါးသီးစွာ ခံစားကြရပါသည်။ ယခုလည်း ခံစားနေကြရပါသည်။ ထို့ကြောင့်လည်း ငြိမ်းချမ်းရေးကို လူသားများအားလုံး တောင့်တကြပါသည်။

၃။ ငြိမ်းချမ်းရေးကို လက်နက်ဖြင့် ဖြေရှင်းခြင်းထက် မြန်မာပြည် လွတ်လပ်ရေးရယူခဲ့စဉ်က တိုင်းရင်းသားများ တန်းတူညီတူ ပူးပေါင်းလုပ်ဆောင်ခဲ့သည့်နည်းတူ ယခုလည်း၊ နိုင်ငံတော်၏ ခေါင်းဆောင်ကြီးဖြစ်သော နိုင်ငံတော်သမ္မတကြီးမှ မိဘသဖွယ် သဘောထားကြီးစွာဖြင့် ဦးစီးဦးဆောင်သမှုပြု၍ တိုင်းရင်းသားလက်နက်ကိုင်များအားလုံးနှင့် တွေ့ဆုံဆွေးနွေးပြီး တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးကို တည်ဆောက်ပေးမည်ဟု မျှော်လင့်နေကြပါသည်။

၄။ ယနေ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးသည် ဒီမိုကရေစီနိုင်ငံတော်ကြီးအဖြစ် ချီတက်သွားနေပြီဖြစ်၍ တစ်ဦးနှင့်တစ်ဦး ယုံကြည်မှုကိုတည်ဆောက်ပြီး၊ ကောင်းမြတ်သော အစဉ်အလာကို တန်ဖိုးထားထိန်းသိမ်းလျက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေးကို တည်ဆောက်သွားပေးရန် လိုလားကြပါသည်။

နိုင်ငံတော်သမ္မတကြီးမှ ယနေ့မြန်မာနိုင်ငံအတွင်း လတ်တလောဖြစ်ပျက်နေသော စစ်၏ဒုက္ခဆိုးထဲမှ လွတ်မြောက်၍ ငြိမ်းချမ်းသာယာပြီး ခေတ်မီတိုးတက်ဖွံ့ဖြိုးသော ဒီမိုကရေစီနိုင်ငံတော်ကြီးကို တည်ဆောက်ပေးသွားနိုင်မည်ဟု အားကိုးစွာဖြင့် နိုင်ငံတော်သမ္မတကြီးထံ စာရေးတင်ပြအပ်ပါသည်။

(သတင်းစဉ်)

MYANMAR Corbonix စက်ရုံ ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေး ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၁၅

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းနှင့် စင်ကာပူနိုင်ငံ NUR Investment Trading ကုမ္ပဏီတို့ အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော MYANMAR Corbonix စက်ရုံသည် အမှတ်(၁) ရေနံချက်စက်ရုံ(သန်လျင်) ရေနွေးငွေ့သုံးဓာတ်အားပေးစက်ရုံ၏ ဘွိုင်လာမှ ထွက်ရှိလာသော စွန့်ပစ်ပစ္စည်းဖြစ်သည့် Flue Gas ကို ကုန်ကြမ်းအဖြစ်အသုံးပြုပြီး ကုန်ချောအဖြစ် အရည်အသွေးမြင့်မားသည့် ကာဗွန်ဒိုင်အောက်ဆိုက်နှင့် ရေခဲခြောက်များ ပြန်လည်ထုတ်ယူ၍ ဈေးကွက်အတွင်း ဖြန့်ဖြူးလျက်ရှိသော စက်ရုံတစ်ခုဖြစ်သည်။

စာမျက်နှာ ၈ ကော်လံ ၁

ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲ ဘရာဇီးနှင့် မက္ကဆီကိုတွေ့ပြီ

ဘိုဂိုတာ ဩဂုတ် ၁၅

ယူ-၂၀ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲများကို ဩဂုတ် ၁၅ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့ကြရာ ပြင်သစ်က နိုင်ဂျီးရီးယားအသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့်နိုင်ပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားပြီဖြစ်သည်။

ပွဲစသည်နှင့် နှစ်ဖက်လူငယ်ကစားသမားများသည် လျင်လျင်မြန်မြန် ထိုးဖောက်ကစားခဲ့ကြသည်။ ဒုတိယပိုင်းပွဲစပြီး မကြာမီ လာကာဇက်တေးက ပြင်သစ်အသင်းအတွက် အဖွင့်ဂိုး သွင်းယူခဲ့သည်။ သို့သော် ဒုတိယပိုင်းပွဲပြီး လေလွှင့်ချိန်တွင် နိုင်ဂျီးရီးယား တိုက်စစ်မှူး အီဂျီကေးက

ခေါင်းတိုက်ဂိုးဖြင့် ချေပဂိုးသွင်းယူခဲ့သည်။ တစ်ဖန် ပုံမှန်ကစားချိန် အတွင်း တစ်ဂိုးစီ တစ်ဖက် သရေ ပွဲ ဆက်ဖြစ်နေ၍ အချိန်ပို ၁၅ မိနစ်စီ ထပ်မံကစားခဲ့ကြသည်။ ပထမအချိန်ပို ၁၅ မိနစ်တွင် ပြင်သစ် အသင်း ကစားသမားများဖြစ်ကြသည့် ဖိုဖားနားနှင့် လာကာဇက်တေး တို့က တစ်ဂိုးစီသွင်း ယူခဲ့ပြန်သည်။ အချိန်ပို ဒုတိယပိုင်း ၁၅ မိနစ်တွင် အီဂျီကေးက နိုင်ဂျီးရီးယား အသင်း အတွက် ချေပဂိုး တစ်ဂိုး သွင်းယူခဲ့သည်။ ပွဲအပြီး ပြင်သစ်က သုံးဂိုး- နှစ်ဂိုးဖြင့် နိုင်ကာ အကြိုဗိုလ်လုပွဲသို့ တက်ရောက်လာသည်။

အခြားသောကွာတားဖိုင်နယ်ပွဲအဖြစ် ဘရာဇီးနှင့် စပိန်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ပုံမှန်ကစားချိန်တွင် တစ်ဖက်တစ်ဂိုးစီဖြစ်နေ၍ အချိန်ပိုကစားခဲ့ရသည်။

အကြိုဗိုလ်လု

အချိန်ပိုတွင်လည်း တစ်ဖက်တစ်ဂိုးစီ ထပ်မံသွင်းယူခဲ့ပြန်သဖြင့် သရေပွဲဆက်လက်ဖြစ်ခဲ့သည်။ ယင်းအတွက်ကြောင့် တစ်ဖက်ငါးဂိုးစီ ပယ်နယ်တီကန်သွင်းကြရာ ဘရာဇီးအသင်းက ပယ်နယ်တီ လေးဂိုး-နှစ်ဂိုးဖြင့်နိုင်ပြီး အကြိုဗိုလ်လုပွဲသို့ တက်လာနိုင်ခဲ့သည်။

ယှဉ်ပြိုင်ကစား

အကြိုဗိုလ်လုပွဲများကို လာမည့်ဗုဒ္ဓဟူးနေ့တွင် ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ အကြိုဗိုလ်လုပွဲအဖြစ် ဘရာဇီးနှင့် မက္ကဆီကို၊ ပြင်သစ်နှင့် ပေါ်တူဂီအသင်းတို့ ယှဉ်ပြိုင်ကစားကြမည် ဖြစ်သည်။ အကြိုဗိုလ်လုပွဲတွင် အနိုင်ရသောအသင်းများသည် ဘိုဂိုတာမြို့၌ လာမည့်စနေနေ့တွင် ဗိုလ်လုပွဲအဖြစ် အကြိတ်အနယ် ယှဉ်ပြိုင်ကစားကြမည် ဖြစ်သည်။

(အင်တာနက်)

ထိုးဖောက်ကစား ပြင်သစ်တိုက်စစ်မှူး လာကာဇက်တေး နိုင်ဂျီးရီးယားအသင်းဘက်သို့ ထိုးဖောက်ကစားဟန်။

မြင့်မောင်စိုး - ရေးသားသည်

ရိုဂျားစ်ဖလား ဆီရီနာဝီလျံ ဆွတ်ခူး

တိုရွန်တို ဩဂုတ် ၁၅

ကနေဒါနိုင်ငံ တိုရွန်တိုမြို့၌ ဩဂုတ် ၁၄ ရက်က ရိုဂျားစ်ဖလား အမျိုးသမီး တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲတွင် အမေရိကန် တင်းနစ်မယ် ဆီရီနာဝီလျံက ဩစတြေးလျ တင်းနစ်မယ် ဆာမန်သာစတိုဆာ အား ၆-၄၊ ၆-၂ ဖြင့် နိုင်ပြီး ဆုဖလားဆွတ်ခူးခဲ့သည်။ ဆီရီနာဝီလျံ သည် ၂၀၀၁ ခုနှစ်နောက်ပိုင်း ပထမဆုံး ကနေဒါတင်းနစ် ဆုဖလားကို ဆွတ်ခူးလိုက်ခြင်းလည်း ဖြစ်သည်။

အသက် ၂၉ နှစ်အရွယ်ရှိ ဆီရီနာဝီလျံသည် ဒဏ်ရာရမှုနှင့် ကျန်းမာရေးမကောင်းသဖြင့် ၄၉ ပတ်ကြာ အနားယူခဲ့ပြီးနောက် ပြိုင်ပွဲလေးပွဲ ပါဝင်ကစားခဲ့ရာ နှစ်ပွဲတွင် ဆုဖလားဆွတ်ခူးခဲ့သည်။ သူမသည် လွန်ခဲ့သော နှစ်ပတ်က စတမ်းဖို့ဒ်ကလပ်ဆစ် ဆုဖလားဆွတ်ခူးခဲ့သည်။

ကမ္ဘာ့ကျော် တင်းနစ်အားကစားမယ် ဆီရီနာဝီလျံသည် ယခု ရိုဂျားစ်ဖလားဆုအပါအဝင် သူမ၏တင်းနစ်ကစားသမားဘဝတစ်လျှောက် ဆုဖလားပေါင်း ၃၈ လုံး ဆွတ်ခူးနိုင်ခဲ့ပြီဖြစ်သည်။ (အင်တာနက်)

ဖာဘရီဂတ်စ် ဘာစီလိုနာသို့ ပြောင်းပြီ

လန်ဒန် ဩဂုတ် ၁၅

အာဆင်နယ်အသင်းခေါင်းဆောင် ဖာဘရီဂတ်စ်သည် ဘာစီလိုနာအသင်းသို့ ပြောင်းရွှေ့ကြေး ပေါင် ၄၂ သန်းဖြင့် ပြောင်းရွှေ့သွားပြီဖြစ်သည်။ ၄င်းအား ဘာစီလိုနာအသင်းက ငါးနှစ်စာချုပ်ဖြင့် ခေါ်ယူလိုက်ခြင်းဖြစ်သည်။ ဖာဘရီဂတ်စ်သည် အာဆင်နယ်အသင်းသို့ ၂၀၀၃ ခုနှစ်က အသက် ၁၆ နှစ်အရွယ်တွင် ရောက်ရှိလာခြင်းဖြစ်သည်။ ယခုအသက် ၂၄ နှစ်အရွယ်တွင် စပိန်သို့ ပြန်လည်ကစားတော့မည်ဖြစ်ကြောင်း သိရသည်။

(အင်တာနက်)